ကြေးမုံ
The Mirror

၁၃၆၇ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ကြာသပတေးနေ့၊ (14-7-2005) (၄၆၅၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်သစ်သမ္မတနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၅ခုနှစ် ဇူလိုင် ၁၄ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျက်ရှီရပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

လက်တစ်ဆုပ်စာလူတစ်စု၊ ပြည်ပနိုင်ငံအချို့က ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် အကျပ်ကိုင် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို ထိပါးစေသော ပြည်ပစွက်ဖက်မှုများအပြစ် ရှင်းရှင်းလင်းလင်းမြင် ဒို့တာဝန်အရေး(၃)ပါးကို ထိပါးမှုမှန်သမျှ၊ ပြည်ထောင်စုကြီးပြိုကွဲရန် ဆောင်ရွက်မှုမှန်သမျှကို အသင်းကြီး၏ ဦးတည်ချက်နှင့်အညီ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှား

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်းရှိ ပြည်ထောင်စုခန်းမဠ္ဌကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူ အရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နိုင်ငံ့သားကောင်း လူငယ်စွမ်းအားစုကြီး ဖြစ်ပေါ်လာရေးအတွက် စဉ်တိုက်ဆက်တိုက် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးနေခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် ပုံဖော်နေခြင်းဖြစ်ကြောင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်မှုထဲက တစ်ခုဖြစ်ကြောင်း၊ ယင်းသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၇-၂၀၀၅
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် လက်တွဲကြိုးပမ်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့သို့ သွားရောက်၍ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ခရီးစဉ်အတွင်း ဇူလိုင်လ ၉ ရက်နေ့က မြစ်ကြီးနားမြို့သို့ရောက်ရှိစဉ် မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာ၌ **ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး၊ ပြည်နယ်၏ သဘာဝတောတောင်၊ ရေမြေသယံဇာတများ ပျက်စီးယိုယွင်းမှုမရှိစေရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရေး၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အတူလက်တွဲကြိုးပမ်းဆောင်ရွက်ကြရေး** မှာကြားသွားသည်။

နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်အစိုးရသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ ပါဝင်လုပ်ကိုင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ပြည်သူများ လိုလားတောင့်တနေကြသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပထမလေးနှစ်စီးပွားရေးစီမံကိန်း၊ ဒုတိယကာလတို ငါးနှစ်စီမံကိန်းနှင့် တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း တောင်ပေါ်နှင့်မြေပြန့်၊ ကျေးလက်နှင့်မြို့ပြဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေသည်။

ယင်းကဲ့သို့ ဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်အကောင်အထည်ဖော်ဆောင်နိုင်မှုကြောင့် ယခုအခါတွင် နိုင်ငံတစ်ဝန်း၌ တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို တိုင်းရင်းသား ပြည်သူများရရှိခံစားနေကြရပြီဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ယင်းမူဝါဒလမ်းစဉ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးမှ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ ရရှိစေရန် လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်တို့က ညှိနှိုင်းတိုင်ပင် ဆွေးနွေးနေကြပြီဖြစ်သည်။

ယနေ့ရရှိနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားသုံးရပ်၏ စည်းလုံးညီညွတ်မှုအားဖြင့် ပြည်တွင်းပြည်ပ အနှောင့်အယှက်အဟန့်အတားများကို ရင်ဆိုင်ကျော်လွှားပြီး ရရှိလာသော အောင်မြင်မှုများဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် ဆီလျော်ညီညွတ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ဆက်လက်၍ လက်တွဲကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

တရားမျှတသည့် နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ထူထောင်ရန်လိုအပ် ကမ္ဘာ့ဈေးကွက်ဖွင့်လှစ်မှု တိုးချဲ့ရေး တရုတ်သမ္မတတိုက်တွန်း

ဂလင်းအီးဂဲလ် ဇူလိုင် ၁၂

တရားမျှတမှုရှိသော နိုင်ငံစုံ ကုန်သွယ်ရေးစနစ်တစ်ရပ်ထူထောင်ရန် တရုတ်သမ္မတ ဟူကျင်တောင်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။ ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲများတွင် ဈေးကွက်ဖွင့်လှစ်မှု တိုးချဲ့ရေးအတွက် သဘောတူညီမှုများရရှိရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများအတွင်း သာတူညီမျှမှုရှိမည့် နိုင်ငံစုံကုန်သွယ်ရေးစနစ် ပေါ်ထွန်းရေးမှာ ယနေ့ အခါသမယတွင် အရေးကြီးကြောင်း ဗြိတိန်နိုင်ငံ ဂလင်းအီးဂဲလ်မြို့တွင် စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈)နှင့် တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိက၊ မက္ကဆီကိုနိုင်ငံတို့မှ ခေါင်းဆောင်များ၏ အစည်းအဝေး၌ သမ္မတဟူက ပြောကြားသည်။

သို့ရာတွင် ကုန်သွယ်ရေး အတားအဆီးများ၊ မကြာခဏပေါ်ပေါက်တတ်သည့် ကုန်သွယ်ရေး အငြင်းပွားမှုများနှင့် ကိုယ်ကျိုးစီးပွား ကာကွယ်သော လုပ်ရပ်များသည် နိုင်ငံစုံကုန်သွယ်ရေးစနစ် ခိုင်မာအားကောင်းမှုကို အဟန့်အတားပြုနေကြောင်း၊ ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို ပိတ်ပင်နေပြီး မရေမရာ အခြေအနေများကို ဖန်တီးရာရောက်ကြောင်း ၎င်းကပြောကြားသည်။

အထောက်အကူပြု

တရားမျှတခြင်း၊ ပွင့်လင်းမှုရှိခြင်း၊ အကြောင်းယုတ္တိရှိခြင်းတို့နှင့် ပြည့်စုံသော နိုင်ငံစုံ ကုန်သွယ်ရေးစနစ်ကို တည်ဆောက်မှသာလျှင် ဒေသဆိုင်ရာဖွံ့ဖြိုးမှုနှင့် ကမ္ဘာ့ကုန်သွယ်ရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဟူက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် အသတ်ခံရသည့် အီဂျစ်သံတမန်နှင့် ခုခံရေးသမားများ ဆက်စပ်မှုမရှိ

ကိုင်ရို ဇူလိုင် ၁၁

အီရတ်နိုင်ငံတွင် အသတ်ခံခဲ့ရသည့် အီဂျစ်သံတမန်အကြီးအကဲဖြစ်သူ အယ်လ်ရှာရစ်ဖ်သည် အီရတ်ခုခံရေးသမားများနှင့် ဆက်သွယ်မှုရှိသော အထောက်အထားမရှိကြောင်းဖြင့် အီဂျစ် နိုင်ငံခြားရေးဝန်ကြီး အဘူဂိတ်ကတနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

၎င်းသံတမန်သည် ခုခံရေးသမားများနှင့်ဆက်သွယ်မှုရှိမရှိအီရတ်အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသည့် သတင်းများ မဟုတ်မမှန်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်လ်-ဂျာဖါရီက ပြောဆိုသည်ဟု အဘူဂိတ်က နိုင်ငံခြားရေးဝန်ကြီးဌာနတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သံတမန်အယ်လ်-ရှာရစ်ဖ်သည် ခုခံရေးသမားများနှင့် ဆက်စပ်မှုမရှိဟု အီဂျစ်အစိုးရက အခိုင်အမာပြောကြားချက်အား ဖော်ပြပါငြင်းဆိုမှုက အတည်ပြုလိုက်ခြင်း ဖြစ်သည်ဟု အဘူဂိတ်က ပြောကြားသည်။

ပြန်ပေးသမားများက ၎င်းသံတမန်အား ပြန်ပေးဆွဲခဲ့ပြီး သတ်ဖြတ်ရန်ဆန္ဒရှိခဲ့ကြောင်း နောက်တစ်နေ့တွင် သတ်ဖြတ်ပြီး အီဂျစ်နှင့် အခြားမည်သည့်ပါတီအဖွဲ့အစည်းကိုမှ ဆက်သွယ်ရန် စိတ်ဝင်တစားမရှိခဲ့ဟု အဘူဂိတ်က ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျမေကာကျွန်းတွင် ဟာရီကိန်းမုန်တိုင်းတိုက်ခတ် ရေလွှမ်းမိုးမှုများဖြစ်ပွားပြီး တစ်ဦးရေနစ်သေဆုံး

ဟာဗားနား ဇူလိုင် ၁၂

ဂျမေကာကျွန်းတွင် ဒင်းနစ်ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးကြောင်း တနင်္ဂနွေနေ့ မီဒီယာသတင်းများတွင် ဖော်ပြထားသည်။

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုနှင့်အတူ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ ထောင်ပေါင်းများစွာကို ရေဘေးလွတ်ရာ ဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ နီဂရီးမြစ်တွင် ရေလွှမ်းမိုးမှုဖြစ်ပွားရာ အသက် ၃၅နှစ်အရွယ်ရှိ အမျိုးသားတစ်ဦး ရေစီးနှင့် မျောပါကာ ရေနစ်သေဆုံးခဲ့ကြောင်း၊ ၎င်း၏ ရုပ်အလောင်းကို ပျောက်ဆုံးပြီး သုံးရက်အကြာတွင် ပြန်လည်တွေ့ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသအချို့တွင် ရေပတ်လည် ဝိုင်းရံလျက်ရှိရာ ပြည်သူထောင်ပေါင်းများစွာမှာ ရေထုအတွင်း ပိတ်မိနေကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များက အရေးပေါ်စခန်းများ ဖွင့်လှစ်ကာ ရေဘေးဒုက္ခသည်များကို ပြုစုစောင့်ရှောက်ပေးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ဒင်းနစ် ဟာရီကိန်းမုန်တိုင်းသည် ဟေတီနှင့် ကျူးဘားနိုင်ငံတို့တွင်လည်း တိုက်ခတ်ခဲ့ရာ ၁၅ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်တွင် ရထားသုံးစင်းတိုက်မှုဖြစ်ပွား လူ ၁၅၀ ကျော် အသက်ဆုံးရှုံး

ဂိုတီ(ပါကစ္စတန်) ဇူလိုင် ၁၃

ပါကစ္စတန်နိုင်ငံတောင်ဘက် ဆင်းဒ်ပြည်နယ် ဂိုတီမြို့အနီးတွင် ဗုဒ္ဓဟူးနေ့က ရထားသုံးစင်းတိုက်မှုဖြစ်ပွားရာ လူ ၁၅၀ကျော် အသက်ဆုံးရှုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသောသတင်းများက ဆိုသည်။

နိုင်ငံ၏အရှေ့ဘက် လာဟိုမြို့မှမောင်းလာသော မီးရထားသည် ဂိုတီမြို့အနီးတွင် ပြုပြင်မှုပြုလုပ်ရန် ရပ်ထားသောရထားကို နောက်ဘက်မှ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ထိုရထားတိုက်မှုကြောင့် လမ်းချော်သွားသောတွဲများက တတိယရထားကို ဆက်လက်တိုက်မိသည့်အတွက် ရထားသုံးစင်းတိုက်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုကြောင့် စုစုပေါင်း ရထားတွဲ ၁၉တွဲ လမ်းချော်သွားသည်။

အမ်အင်အေ၊ ရိုက်တာ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - ကိတ်နာမ်များ (ပထမနှစ်-အရှေ့တိုင်းပညာ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၁၃)**
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့ သစ္စာနယ်မြေ" (အပိုင်း-၂)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့မြဝတီ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " ချစ်သူ သူရဲကောင်း" (အပိုင်း-၂၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဆီမီး ၉၉၀၀ အဖွဲ့ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ ကြီးမှူး၍ အဋ္ဌမအကြိမ်အဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီး ခုနစ်ပါးအား ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အင်းစိန်ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိမိပြည်တွင်းရေး၏ အစစ်အမှန်တရားများကို ရှာဖွေဆည်းပူးမှတ်သား အပြည်ပြည်ဆိုင်ရာကိစ္စများကို အရင်းအမြစ်ကျကျ ပကတိအခြေအနေအတိုင်းသိမြင်

❀ **ရှေ့ဖုံးမှ**

ကာလသုံးပါး စုစည်းဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့် ယှဉ်တွဲဆန်းစစ် လေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိနိုင်ငံ အခြေအနေအရပ်ရပ်နှင့် ကမ္ဘာ့ရေးရာများကို အတိုင်းအတာတစ်ခုအထိ သိမြင်နားလည်ကြပြီဟု ယုံကြည်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်အပြင် နိုင်ငံတကာရေးရာ အမြင်တွေရှိနေရန် လိုအပ်ကြောင်း၊ ဤအမြင်များ ပြည့်စုံခြင်းသည် အမျိုးသားစွမ်းရည်ဖြစ်ကြောင်း။

သင်ကြားလေ့ကျင့်

အမျိုးသားစွမ်းရည်မြင့်မားရေးအတွက် နိုင်ငံသားကောင်း အရည်အချင်းနှင့် ခံယူချက်၊ ယုံကြည်ချက်မြင့်မားရေး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ သက်မွေးဝမ်းကျောင်းပညာများကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း။

အတွေးအခေါ်၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာစသည့် စွမ်းရည်ကောင်းများဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးဖြစ်သည့် အခြေခံအဆောက်အအုံများကို အပြည့်အဝအသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ယင်းစွမ်းရည်များနှင့် အခြေခံကောင်းများကို သဟဇာတဖြစ်အောင် ဖန်တီးဖော်ဆောင်နိုင်မှ မိမိတို့၏ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပြည်သူများ၏ဘဝ ပြည့်စုံလုံခြုံနေမည်ဖြစ်ကြောင်း။

ခါးသီးသည့်အတွေ့အကြုံ

မြန်မာ့ရေးရာကိုလေ့လာမည်ဆိုပါက နိုင်ငံတော်သည် ရာစုနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ကြောင်း၊ ၁၉ရာစုနောက်ပိုင်းတွင် နယ်ချဲ့ကျူးကျော်စစ်နှင့် ကိုလိုနီပြုခံရပြီး အချုပ်အခြာအာဏာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း၊ ပြည်သူများ၏ စုစည်းညီညွတ်မှုအင်အား၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းခဲ့၍ ၂၀ရာစုအလယ်လောက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း၊ နှစ်ပေါင်း ၁၀၀ကျော် လွတ်လပ်ရေးနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး နိမ့်ပါးဖျက်ဆီးခံရပြီး အမျိုးသားရေးလက္ခဏာ၊ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးခဲ့ခြင်းသည် အတိတ်၏ခါးသီးသည့်အတွေ့အကြုံ သင်ခန်းစာများပင်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း၊ ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ လွတ်လပ်ရေး၏တန်ဖိုး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏တန်ဖိုးကို နားလည်သဘောပေါက်ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးကို စောင့်ထိန်းကာကွယ် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ယင်းတို့သည် နိုင်ငံသားတိုင်း လက်ဆင့်ကမ်းဆောင်ရွက်ရမည့် အမျိုးသားရေးအမွေ၊ အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း၊ သမိုင်းပေးအမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရန် ဖွဲ့စည်းဖြစ်ပေါ်လာသည့် အမျိုးသားရေးအသင်းကြီးသည် နှစ်စဉ် လုပ်ငန်းစဉ်များချမှတ်ပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိပြည်တွင်းရေး၏ အစစ်အမှန်တရားများကို ရှာဖွေဆည်းပူးမှတ်သားပြီး မိမိတို့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်လွှမ်းမိုးလိုသည့် နောက်ခံအတွင်းရေးများကိုလည်း ဆန်းစစ်တွေ့မြင်ကြမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဖြစ်စဉ်များသည် ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်နေခြင်းဖြစ်၍ အပြည်ပြည်ဆိုင်ရာကိစ္စများကို အရင်းအမြစ်ကျကျ ပကတိအခြေအနေအတိုင်း သိမြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်၊ ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေး၊ တန်းတူရည်တူဆက်ဆံရေး၊ အခြားနိုင်ငံပြည်တွင်းရေးကို ဝင်မစွက်ဖက်ရေးတို့ကို ခိုင်ခိုင်မာမာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ဦးတည်ဆောင်ရွက်ချက်များကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ တာဝန်ကိုယူချိန်ကစပြီး စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေး အကောင်အထည်ဖော်ရင်း အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရန် အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံကောင်းများ ပေါ်ထွန်းလာစေရန် အကောင်အထည်ဖော်ခဲ့ကြောင်း။

ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ်တည်ဆောက်ရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို အမျိုးသားရေးခံယူချက်ဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်တို့ဖြင့် နေ့မအား၊ ညမနား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုသတ်မှတ်ပြီး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း ပြင်ပအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု အခြေခံကောင်းများနှင့် စီးပွားရေးအခြေခံအဆောက်အအုံ၊ လူမှုရေးအခြေခံအဆောက်အအုံဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်ထောင်စုကြီး ရှင်သန်ဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးအတွက်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေချိန်တွင် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးလမ်းစဉ်အဖြစ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာခံယူကျင့်သုံး ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပထမအဆင့် အမျိုးသားညီလာခံကြီးကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသင်းကြီးကလည်း နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့် အညီ တက်ကြွစွာ ဆောင်ရွက်နေကြောင်း။

နိုင်ငံသားတိုင်း ပြည်ထောင်စုကြီး၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏တန်ဖိုး၊ လွတ်လပ်ရေး၏တန်ဖိုး၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏တန်ဖိုးကို နားလည် သဘောပေါက်ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို စောင့်ထိန်းကာကွယ် တည်ဆောက်သွားရမည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

စီးပွားရေးအင်အားကောင်းလာမှ ကာကွယ်ရေးအင်အားကိုတည်ဆောက်နိုင် ကာကွယ်ရေးအင်အားတောင့်တင်းလျှင် နိုင်ငံရေးအင်အားကိုအကျိုးပြု

❒ စာမျက်နှာ ၃ မှ
နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားများကို ဟန်ချက်ညီညီ တောင့်တင်းမြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မည်

နိုင်ငံရေးအင်အားကောင်းလျှင် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေခံမြေခံကောင်းများဖြစ်ပေါ်လာ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စီးပွားရေးအင်အားကောင်းလာမှသာ ကာကွယ်ရေးအင်အားကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ရေးအင်အားတောင့်တင်းလျှင် နိုင်ငံရေးအင်အားကို အကျိုးပြုပြီး အေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုများ ခိုင်မာလာမည်ဖြစ်ကြောင်း။

အရှိန်အဟုန်မြင့်

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲပြုပြီး ဆက်စပ်နေ သည်ကို နားလည်ခံယူထားကြရမည်ဖြစ်ကြောင်း၊ ယင်းတို့အထဲတွင် စီးပွားရေးခိုင်မာတောင့်တင်းလျှင်ကဏ္ဍများကို ခိုင်မာတောင့်တင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံတော်သည် စီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း။

ဇွန်လကုန်က ပြုလုပ်ခဲ့သည့် စစ်မှုထမ်းဟောင်းညီလာခံ (၂၀၀၅)နှင့် ဇူလိုင်လ ၃ ရက်နေ့က ပြည်နယ်နှင့် တိုင်းများတွင် ကျင်းပခဲ့သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် လူမှုရေးအသင်းအဖွဲ့များကပေးပို့သည့် သဝဏ်လွှာများ၊ ဆွေးနွေးတင်ပြချက်များ၊ ထုတ်ပြန်ကြေညာချက်များတွင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်ခြင်းများကို ဖော်ထုတ်ရှုတ်ချ တွန်းလှန်ဖယ်ရှား လိုခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကိုခံယူ၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် တည်ဆောက်ကာကွယ်လိုမှု ပြင်းပြသည်တို့ကို တွေ့ရမည်ဖြစ်ကြောင်း။

လိုလားချက်အမှန်

ယင်းတို့သည် မြန်မာအမျိုးသမီးထုကြီး၏ ရင်ထဲကအသံ၊ ပြည်သူတစ်ရပ်လုံး၏ လိုလားချက်အမှန်များပင်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ပြင်းပြသည့်ဆန္ဒရှိနေခြင်းသည် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးမည့် စွမ်းအားကြီးပင်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် မျိုးဆက်သစ်လူငယ်များ၏ ပြည့်ဝသည့် အရည်အချင်း၊ အရည်အသွေးများ၊ စုစည်းညီညွတ်သည့် ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို လက်တစ်ဆုပ်စာလူတစ်စု၊ ပြည်ပနိုင်ငံအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဝေဖန်နေခြင်းများ၊ ၎င်းတို့လိုလားသည့် ပုံစံရုပ်လုံးပေါ်လာစေရန် ဖိအားပေးအကျပ်ကိုင် လုပ်ဆောင်နေခြင်းတို့သည် နိုင်ငံတကာကျင့်ဝတ်သိက္ခာနှင့်မကိုက်ညီသည့် ပြုမူလုပ်ဆောင်နေမှုများအဖြစ် တွေ့မြင်နေရကြောင်း။

တွန်းလှန်ဖယ်ရှား

ထိုကဲ့သို့ ပြုမူလုပ်ဆောင်ချက်များသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းအစဉ်အလာ ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီကိုထူထောင်ရန် ကြိုးပမ်းနေသည့် နိုင်ငံတော်ကြီးအတွက် လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို ထိပါးစေသော ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအဖြစ် ရှင်းရှင်းလင်းလင်း မြင်ကြရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုမှန်သမျှ၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ဆောင်ရွက်မှုမှန်သမျှကို အသင်းကြီး၏ ဦးတည်ချက်နှင့်အညီ ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြပါ။**
- **မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ဆောက်ရေးစိတ်ဓာတ်ရှင်သန်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ရာသက်ပန် ကာကွယ်စောင့်ရှောက်ကြပါ။**
- **အသင်းကြီး၏ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုးကို တာဝန်သိသိ၊ တာဝန်ရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြပါ။**
- **စည်းလုံးညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိပါးနှောင့်ယှက်လာခြင်းမှန်သမျှ၊ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးနှောင့်ယှက်လာခြင်းမှန်သမျှ အသိရှိရှိ၊ သတိရှိရှိဖြင့် ထိန်းသိမ်း ကာကွယ်သွားကြပါရန်** တိုက်တွန်းရင်းနိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ် (၈)သို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၀၉ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ကိုရီးယား-မြန်မာသံတမန်ဆက်သွယ်မှု အနှစ်(၃၀)မြောက် ပန်းချီပြပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု အနှစ်(၃၀)မြောက် အထိမ်းအမှတ်အဖြစ် ကိုရီးယားခေတ်ပြိုင်ပန်းချီပြပွဲကို ဇူလိုင် ၂၁ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ကျင်းပသွားမည်ဖြစ်ရာ ပြပွဲကို နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ပြည်သူများအခမဲ့ကြည့်ရှုလေ့လာနိုင်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးတွဲကြီးမှူးကျင်းပမည့် အဆိုပါပြပွဲတွင် ပန်းချီဆရာကြီးဦးလှမင်း၏ ပန်းချီလက်ရာအပါအဝင် မြန်မာပန်းချီဆရာ ၁၀ဦးတို့၏ လက်ရာများကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ကင်းနီယွန် နိုင်ငံတကာတက္ကသိုလ် ပါမောက္ခ ချာယွန်းကျူး၏ ပန်းချီလက်ရာအပါအဝင် ကိုရီးယား ပန်းချီဆရာ ၅၀တို့၏ လက်ရာများကို လည်းကောင်း ခင်းကျင်းပြသထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပန်းချီအနုပညာလက်ရာပုံစံနှစ်မျိုးပြသမည်ဖြစ်ရာ တစ်မျိုးမှာ ကိုရီးယားရိုးရာ ပန်းချီနည်းပညာကို အသုံးပြုသည့် ပန်းချီကားအမျိုးအစားဖြစ်ပြီး နောက်တစ်မျိုးမှာ ခေတ်သစ်ပန်းချီ နည်းပညာကို အသုံးပြုသော ရိုးရာပန်းချီကားအမျိုးအစားဖြစ်သည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၄ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် (၁၂) စဉ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဝါးခယ်မနွယ်ဖွား သံဃာတော် ၁၆ပါးတို့အား သင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော အသင်းသားများသည် သံဃာတော်တစ်ပါးလျှင် သင်္ကန်းနှင့်ဆွမ်းအတွက် အလှူငွေကျပ် ၃၅၀၀ ကို အသင်းတိုက် ဖုန်း –၂၂၆၅၉၀ သို့ ဩဂုတ် ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် ဝါးခယ်မမြို့တွင် ဇူလိုင် ၂၁ ရက် (ကြာသပတေးနေ့)၌ သကျမဟာသီရိဘုရားကြီး ရေကြည်တော်ဝတ်အသင်းက ဦးစီး၍ မြို့နယ်လုံးကျွတ် ကျင်းပမည့် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပါဝင်လှူဒါန်းလိုပါကအသင်းတိုက်သို့သင်္ကန်းနှင့်ရွှေသင်္ကန်းအတွက် ငွေကျပ် ၃၅၀၀ နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဇူလိုင် ၁၈ ရက် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၇–၂၀၀၅
(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	ဗီဖာကမ္ဘာ့ဖလား ၂၀၀၂ အပိုင်း(၁)
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မျိုးကောင်းမျိုးသန့်စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	Star Album (1) Examplez
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တိုင်းပြည်ကြွယ်ဝချမ်းသာဖို့ သစ်တောသစ်ပင်ထိန်းသိမ်းစို့
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	သိပ္ပံအကြောင်း သိကောင်းစရာ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အကယ်၍သာ (မျိုးသန္တာထွန်း၊ချစ်စနိုးဦး)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	အောင်ကိုနှင့်ဖန်တီးမှုအနုပညာ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	သင်ယူစရာပန်းချီပညာ (အခြေခံပို့ချချက်)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ(၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဦးစွာလုပ်ရမှာက

☆ အကောင်းမြင်အခြေမခံ
အဖြေမှန်မသိ၊
အကောင်းမြင်အခြေခံလို့
စိတ်ရင်းစေတနာမှန်မှ
အဖြေမှန်သိ။

☆ မြန်မာ၏အခြေအနေ
အမှန်တွေသိလိုက၊
ကိုယ့်ကိုယ်ကို ပြန်စိစစ်လို့
အညစ်မပေကျံတဲ့
စိတ်ရင်းမှန်စေတနာဖွေးကို
ဦးစွာမွေးကြ။ ။

မေရှ

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဇူလိုင် ၁၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးခင်ဇော်ဝင်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ပြင်သစ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၅ခုနှစ် ဇူလိုင် ၁၄ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖိလစ်ဒုဇ်ဘလာဇီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာသံအမတ်ကြီး ဦးနေဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၁၄

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် ဇူလိုင် ၁ရက်တွင် ဘာကင်ဟန်နန်းတော်၌ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက်အယ်လဇ္ဇဘက်ဘုရင်မထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန်သဘောတူပြီးဖြစ်သော ဒေါက်တာ အဒစ် ဝီဘိုဝိုသည် ဇူလိုင်၁၂ရက်ညနေ ၃နာရီတွင်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်၍ ၎င်း၏ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ ဌာနေကိုယ်စားလှယ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ တက်ရောက်သည်။ (သတင်းစဉ်)

ကျိုက္ကလော့ဓမ္မရိပ်သာတရားစခန်းကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင် ကျိုက္ကလော့ စေတီတော်မြတ်ကြီးအနီး ရှိ ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာ တော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူယောဂီများ ဇူလိုင်၃၁ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရန်နှင့် ဆွမ်း၊ အချိုပွဲ၊ အအေးလှူဒါန်းလိုသူများ ဖုန်း–၆၃၅၆၃၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဌာနဆိုင်ရာတာဝန်ရှိသူများ မိမိတာဝန်ယူသည့်ဒေသဖွံ့ဖြိုးအောင်ဆောင်ရွက် ပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင် နိုင်ငံတော်အကျိုးစီးပွားကိုထိခိုက်စေသည့်လုပ်ရပ်များကိုဖော်ထုတ်သတင်းပေးတားဆီး

ရန်ကုန် ဇူလိုင် ၁၃

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၀ရက်မွန်းလွဲပိုင်းတွင် ဗန်းမော်-တကောင်း-မန္တလေးလမ်းအတိုင်း လမ်း၊ တံတားများအခြေအနေနှင့် ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗန်းမော်မြို့နယ်ရှိ စင်းခန်းတံတားသို့ မွန်းလွဲ ၂နာရီမိနစ် ၄၀တွင် ရောက်ရှိကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တကောင်း-ကသာလမ်း စီမံကိန်း လမ်းအထူးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းက လိုက်လံရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြချက်များ အပေါ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တံတားရေရှည်ကြံ့ခိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စင်းခန်းတံတား တည်ဆောက်ရေးစီမံကိန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၆) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၆)မှ လက်ထောက်အင်ဂျင်နီယာ ဦးသန်းမြင့်က စင်းခန်းတံတား ကြံ့ခိုင်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က စင်းခန်းတံတား ရေရှည်ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်-ရွှေကူလမ်း မိုင်တိုင်အမှတ် (၁၅၅/၆) သို့ ရောက်ရှိကြ၍ ဥဒေါင်းတောင် လမ်းတစ်လျှောက် ကတ္တရာလမ်းခင်း ပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည် များကို မှာကြားသည်။

ဒုတိယမြစ်ကျဉ်းရှုခင်းသာ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် အမှတ်(၁၅၂/၄) ရှုခင်းသာ(၂)တံတား အနီးရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ဧရာဝတီမြစ် ဒုတိယ မြစ်ကျဉ်းရှုခင်းသာ စခန်းသို့ သွားရောက်ရာ စခန်းခန်းမ၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း တကောင်း-ကသာလမ်း စီမံကိန်း လမ်းအထူးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းက တကောင်း-ကသာလမ်းရှိ ကျေးတောကြီး-ဥဒေါင်းတောင်-ဟန်ထက်လမ်း မိုင်တိုင်အမှတ် (၁၂၉/၄)မှ(၁၇၉/၄) အတွင်း လမ်းတံတားများ ပြီးစီးမှုအခြေအနေ၊ တကောင်း-ငါးအိုးလမ်း မိုင်တိုင် အမှတ်(၄၄/၃)မှ (၁၀၁/၄)အတွင်း လမ်း၊ တံတားများ ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းခင်းပြီးစီးမှု အခြေအနေများကို တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဗန်းမော်ခရိုင် ရွှေကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းက ကျောင်းသားဦးရေ၊ ကျောင်းအခြေအနေနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ ခွဲစိတ်ပြီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ သွေးလှူဘဏ်၊ ဓာတ်ခွဲခန်းနှင့် ဆောက်လုပ်ပြီးစီးပြီးဖြစ်သည့် သံဃာဆေးကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာသင်းလွင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာညိုဝင်းတို့က လိုက်လံရှင်းလင်းပြသကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ညနေ ၄နာရီ ၃၅မိနစ်တွင် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ဒေသခံတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။

အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က မြို့နယ်တွင်းလမ်းများ တိုးချဲ့ပြုပြင်ပြီးစီးမှု၊ မြို့နယ်တွင်း စပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ရာသီဥတုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ကူညီပံ့ပိုးဖြည့်ဆည်းပေးသည်။

ဒေသဝမ်းစာဖူလုံ

ကချင်ပြည်နယ်တွင် မိုးစပါး ၂၀၀၄-၂၀၀၅မှ ၂၀၀၆-၂၀၀၇ခုနှစ် သုံးနှစ်အတွင်း ဧကခြောက်သိန်း ပြည့်မီအောင် စိုက်ပျိုးရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ရွှေကူမြို့နယ်အနေဖြင့် သတ်မှတ်လျာထားဧက ပြည့်မီအောင် ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ၂၀၀၄-၂၀၀၅ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှုမှာ ၁၇၄ ဒသမ ၁၇ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ရွှေကူမြို့အနေဖြင့် ယခင်ကထက် ဖွံ့ဖြိုးစည်ပင်လာသည်ကို တွေ့ရှိရကြောင်း၊ ကချင်ပြည်နယ်သည် ယခင်က လေယာဉ်နှင့်မီးရထားကိုသာ အားကိုးအားထားပြု သွားလာနေရသည့် ပြည်နယ် တစ်ခုဖြစ်သော်လည်း ယခုမိမိတို့အစိုးရလက်ထက်တွင် ဧရာဝတီမြစ် အနောက်ဘက်လမ်း ရွှေဘို-မြစ်ကြီးနားလမ်းကို ဖောက်လုပ်ပြုပြင်ပေးသကဲ့သို့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်လည်း မန္တလေး-သပိတ်ကျင်း-တကောင်း-ငါးအိုး၊ ရွှေကူ-ဗန်းမော်-မြစ်ကြီးနားလမ်းမသစ်ကြီးကို ဖောက်လုပ်ပေးခဲ့သဖြင့် ယခုအခါ ပြည်သူများ မော်တော်ယာဉ်ဖြင့် အလွယ်တကူ ကူးသန်းရောင်းဝယ် ဖောက်ကားသွားလာနိုင်သည့် ပြည်နယ်ဖြစ်လာပြီဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်ကနိုင်ငံအဝန်းလမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဆက်သွယ် ဖောက်လုပ်ပေးခဲ့သဖြင့် ရွှေကူမြို့သည်လည်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိပြီးဖွံ့ဖြိုးစည်ပင်ကာယခင်ကထက်ပိုမို စည်ကားတိုးတက်ဖွံ့ဖြိုးလျက်ရှိကြောင်း။

ထိုသို့နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း မိမိတာဝန်ယူဆောင်ရွက်ရသည့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဖော်ထုတ်သတင်းပေး

ပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးမှု ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်မှလည်း နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေသည့် လုပ်ရပ်များကို ဖော်ထုတ် သတင်းပေး တားဆီးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဗန်းမော်မြို့နယ်ရှိ စင်းခန်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သို့မှသာ ဒေသဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းကာ တရားဥပဒေစိုးမိုးနိုင်ပြီး ပြည်သူများအနေဖြင့်လည်း တရားဥပဒေဘောင်အတွင်း အေးချမ်းစွာ နေထိုင်နိုင်မည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တွေ့ဆုံပွဲကို ညနေ ၆နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေကူမြို့၌ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၃

အ-ထ-က(၁) မြောက်ဥက္ကလာပ ကျောင်းသားဟောင်းများ၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ACA ခန်းမ၌ ကျင်းပမည်ဖြစ်ရာဆရာနှင့်ကျောင်းသားဟောင်းများဖြစ်သည့် သံဃာအပါး ၄၀ ကျော်တို့အား ဝါဆိုသင်္ကန်း ကပ်လှူနိုင်ရေးအတွက် လှူဖွယ်ဝတ္ထုများနှင့် အလှူငွေများကို ဦးချိုအေး ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈ ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဝါတွင်းတရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

အလုံမြို့နယ် သစ်တောလမ်း ဓာတနာရာမပရိယတ္တိစာသင်တိုက်အတွင်း ဝါတွင်းတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၇ ရက်တွင် ဓမ္မဒူတအရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံးဆရာတော်)၊ ဇူလိုင် ၁၈ရက်တွင် ဓမ္မဒူတအရှင်ကောသလ္လ(မုဒုံ)၊ ဇူလိုင် ၁၉ရက်တွင် အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ ဇူလိုင်၂၀ရက်နှင့် ၂၁ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (မှော်ဘီ) ဆရာတော်တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၃) စက်မှုဇုန် သန့်ရှင်းသာယာ လှပရေးနှင့်စည်းကမ်းထိန်း သိမ်း ရေး ဆိုင်း ဘုတ် တင်ပွဲ အခမ်းအနားကို ဇူလိုင်၈ရက်က အမှတ်(၃) စက် မှု ဇုန် ဝင်ပေါက် အနီးတွင် ကျင်း ပ ရာ အမှတ် (၃) စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံး၏ ကြီးကြပ်မှုဖြင့် သာယာစည်းကမ်း လုပ်ငန်းအဖွဲ့ခေါင်းဆောင် (UCM) ဦးချစ်မောင်၊ အဖွဲ့ဝင် (ရွှေသရဖူ) ဦးကျော်ညွှန့်နှင့် ကော်မတီဝင်များစုပေါင်း၍ ဆိုင်းဘုတ် စိုက်ထူကြစဉ်။
(မြို့နယ်ပြန်/ဆက်)

ဝိဓူရဇာတ်တော်ကြီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ ဇာတ်သဘင်ပြိုင်ပွဲကို ပဥ္စမအကြိမ် (၁၉၉၇ခုနှစ်)မှ စတင်ယှဉ်ပြိုင်စေခဲ့ပြီး ပထမဦးဆုံးယှဉ်ပြိုင်ကြသော ဇာတ်တော်မှာ ဇာတ်တော်ကြီးဆယ်ဘွဲ့လာ သုဝဏ္ဏသာမဖြစ်လေသည်။ ထို့နောက်မှ ရာမဇာတ် (၁၉၉၈–၁၉၉၉–၂၀၀၂–၂၀၀၄)၊ မဟော်သဓာ (၂၀၀၀)၊ ဇနက္က (၂၀၀၁)၊ ဆဒ္ဒန်ဆင်မင်းဇာတ် (၂၀၀၃) ကို ယှဉ်ပြိုင်ခဲ့ကြလေသည်။ ယခုနှစ်တေရသမအကြိမ် (၁၃ကြိမ်)၌ ယှဉ်ပြိုင်ကြမည့် ဇာတ်တော်မှာ ဇာတ်တော်ကြီးဆယ်ဘွဲ့မှပင်ဖြစ်ပြီး နဝမမြောက်ဇာတ်တော်ဖြစ်သည့် ဝိဓူရဇာတ်တော်ပင်ဖြစ်လေသည်။

နိပါတ်တော်လာ ဇာတ်တော်ကြီးဆယ်ဘွဲ့မှ ဝိဓူရဇာတ်တော်ကို မြတ်စွာဘုရားရှင်သည်ပညာပါရမီကိုအကြောင်းပြု၍သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် ၁၂၃ ခုနှစ် နတ်တော်လဆန်း ၁ ရက်ကြာသပတေးနေ့တွင် ဟောကြားတော်မူလေသည်။ တစ်နေ့သောအခါ ထိုကျောင်း၌ ရဟန်းတော်တို့ စုဝေးမိကြစဉ် မြတ်စွာဘုရားရှင်၏ ထူးမြတ်သောပညာတော်ကို ချီးမွမ်းပြောဆိုကြခြင်းနှင့် စပ်လျဉ်း၍ ဤဝိဓူရဇာတ်ကြောင်းကို ဟောကြားတော်မူခြင်းဖြစ်လေသည်။

ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်တွင် ဓနဉ္စယကောရဗျမင်းကြီးအုပ်စိုးရာ ထိုမင်းတွင် ဝိဓူရမည်သော ပညာရှိသုခမိန်တစ်ယောက်ရှိလေသည်။

ဗာရာဏသီပြည်တွင် ပုဏ္ဏားသူကြွယ်လေးဦး ရဟန်းပြု၍ တရားအားထုတ်ရာ တစ်ယောက်က တာဝတိံသာ၌ သိကြားမင်း၊ တစ်ယောက်က ဝရုဏနဂါးမင်း၊ တစ်ယောက်က ဂဠုန်မင်း၊ တစ်ယောက်က ဓနဉ္စယမင်း၏ သားတော် ကောရဗျမင်းတို့ ဖြစ်လာလေသည်။ ထိုမင်းလေးပါးသည် မင်းဥယျာဉ်တွင် တရားအားထုတ်ရင်း မင်္ဂလာကန်၌ ဆုံတွေ့ကြကာ မည်သူ၏သီလကမြတ်ကြောင်း ပြဿနာဖြစ်၍ ဝိဓူရအမတ်က ဆုံးဖြတ်ပေးနိုင်ခဲ့ရာ ဝိဓူရအမတ်သည် ထင်ရှားလာလေသည်။ မင်းလေးပါးတို့လည်း ၎င်းတို့တိုင်းပြည်အသီးသီးသို့ ပြန်ကြလေသည်။

နဂါးပြည်သို့ ပြန်ရောက်လာသော ဝရုဏနဂါးမင်းထံ၌ ပတ္တမြားလည်ဆွဲကို မတွေ့ရှိရ၍ နဂါးမင်း၏ မိဖုရားဝိမလာဒေဝီက အကြောင်းအကျိုးကို မေးမြန်းလေသည်။ ဝရုဏနဂါးမင်းကလည်း အမှန်အတိုင်းပင် ဝိဓူရအမတ်သုခမိန်၏ ပညာကိုပူဇော်ခဲ့ကြောင်း ပြောပြလေသည်။ ထိုအခါ ဝိမလာဒေဝီမိဖုရားကြီးက ဝိဓူရသုခမိန်၏တရားကို နာလိုစိတ်ဖြစ်ပေါ်လာသည်။ ဥစ္စာရတနာတို့ဖြင့် ပူဇော်လိုစိတ်ဖြစ်ပေါ်လာသည်။ ထို့ကြောင့် နာမကျန်းဟန်ဆောင်သည်။ နဂါးမင်းက မေးမြန်းသော် ဝိဓူရ၏နှလုံးသည်းပွတ်ကိုရမှ အသက်ရှင်မည်ဖြစ်ကြောင်း ပြန်၍လျှောက်ထားသည်။

ဝရုဏနဂါးမင်းလည်း သမီးတော်ဣရန္ဒတီကိုခေါ်၍ ဝိဓူရ၏ နှလုံးသည်းပွတ်ကို ယူဆောင်ပေးနိုင်မည့် နည်းလမ်းကိုရှာကြံ၍ ဆောင်ရွက်စေဟု စေခိုင်းလိုက်သည်။ ဣရန္ဒတီသည် ကာဠာဂိရိတောင်ထိပ်၌ တေးဖွဲ့စပ်ဆိုနေရာ ဝေဿဝဏ်နတ်မင်းကြီး၏တူ ပုဏ္ဏကမည်သော နတ်ဘီလူးစစ်သူကြီးသည် နတ်သဘင် အစည်းအဝေးသို့သွားခိုက် နဂါးမင်းသမီးကို တွေ့မြင်၍ ချစ်ခင်စုံမက်စိတ် ဖြစ်လာလေသည်။ နဂါးမင်းသမီးက မြူဆွယ်ချစ်ကြိုက်ဟန်ဆောင်၍ ပုဏ္ဏကသည် ဝိဓူရ၏ နှလုံးသည်းပွတ်ကို ယူပေးမည်ဟု ဝန်ခံခဲ့လေသည်။ ထို့နောက် ပုဏ္ဏကနတ်ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးကို ခွင့်တောင်းကာ ဝေပုလ္လတောင်ထိပ်မှ မနောဟရပတ္တမြားကို ထုတ်ယူလျက် ကစ္စည်းလုလင်အသွင်ဖြင့် ဣန္ဒပတ္ထနဂိုရ်ပြည်သို့သွား၍ ကောရဗျမင်းကြီးနှင့် ကြွေအန်ကစားရန် စကားဆိုလေသည်။ ပုဏ္ဏကသည် မနောဟရပတ္တမြားနှင့် သိန္ဓောမြင်းကိုလောင်းကြေးအဖြစ်တင်အပ်ပြီး ကောရဗျမင်းကြီးက လောင်းကြေးအဖြစ် မိမိကိုယ်၊ မိဖုရားနှင့် ထီးနန်းမှအပ လိုရာရယူနိုင်ကြောင်း ကတိစကား အသီးသီးပြုကြကာ ကြွေအန်ကစားကြလေသည်။

ကောရဗျမင်း၏ ဘဝဟောင်းတစ်နေရာ၌ မိခင်တော်စပ်ခဲ့ဖူးသူ ထီးချက်စောင့်နတ်သမီးက ကောရဗျမင်းကို ကူညီခဲ့သော်လည်း ပုဏ္ဏက၏ မျက်စောင်းကြောင့် ထီးချက်စောင့်နတ်သမီး အဝေးသို့လွင့်သွားရလေသည်။ နောက်ဆုံး၌ ပုဏ္ဏကနိုင်၍ ဝိဓူရအမတ်ကို တောင်းခံလေသည်။ ကောရဗျမင်းက ဝိဓူရအမတ်ကို သူမပိုင်ဟု ငြင်းဆိုလေသည်။ ပုဏ္ဏကက ဝိဓူရအမတ်ကို "သင့်အားပိုင်သူသည် အသူနည်း"ဟုမေးမြန်းခဲ့ရာ ဝိဓူရက "ကျေးကျွန်တို့မည်သည် အရှင်သခင်တို့က ပိုင်ဆိုင်မြဲဖြစ်သည်"ဟု မိမိကို ကောရဗျမင်းက ပိုင်ဆိုင်သည်ဟု စကားပြန်လေသည်။ သို့ဆိုစကားကြောင့် ကောရဗျမင်းကြီးလည်း ပုဏ္ဏကထံသို့ လောင်းကြေးအဖြစ် ဝိဓူရအမတ်ကို အပ်လေသည်။

ဝိဓူရအမတ်သုခမိန်က ပုဏ္ဏကထံလိုက်ပါရန် သဘာတူညီလိုက်ပြီး ဇနီး၊ သားသမီး၊ ကျေးကျွန်တို့အား ဆုံးမလို၍ နှစ်ရက်၊ သုံးရက်မျှ ခေတ္တဆိုင်းငံ့ပေးပါရန် ပုဏ္ဏကကို မေတ္တာရပ်ခံလေသည်။ ပုဏ္ဏကလည်း ခွင့်ပြုလိုက်သည်။ ထို့ကြောင့် ဝိဓူရအမတ်သုခမိန်သည်ဇနီး အနောဇာဒေဝီ၊ သားသမီးများနှင့် ကျေးကျွန်တို့အား ရာဇဝသတီတရားဖြင့် ဆုံးမစကားပြောကြားလေသည်။ ထို့နောက် ပုဏ္ဏကနောက်သို့ လိုက်ပါသွားလေသည်။ ပုဏ္ဏကလည်း သိန္ဓောမြင်းအမြီးကို ဝိဓူရအားဆွဲစေပြီး ကောင်းကင်ခရီးနှင်ခြင်း၊ တောတောင်များတွင် ဖြတ်သန်းခြင်းတို့ဖြင့် ဝိဓူရအမတ်သေစေရန် ကြံဆောင်ကြိုးစားလေသည်။ ထိုသို့ပြုသော်လည်း ဝိဓူရအမတ်မသေဆုံးသေးသဖြင့် ပုဏ္ဏက အမျက်ထွက်ကာ ဘီလူး၊ ခြင်္သေ့၊ ဆင်၊ မြွေ၊ လေပြင်းစသည့် ရုပ်သဏ္ဍာန်များ၊ ကြောက်မက်ဖွယ်အသံများဖြင့် ခြောက်လှန့်ပြန်လေသည်။ ဝိဓူရက မတုန်လှုပ်သဖြင့် ခြေမှဆွဲကိုင်၍ တောင်အောက်သို့ ပစ်ချဟန်ပြုပြန်လေသည်။ ထိုအခါမှ ဝိဓူရက ပုဏ္ဏကကို "သင်နှင့်ကျွန်ုပ် ရန်ငြိုးမရှိပါဘဲနှင့် အဘယ်ကြောင့် အကျွန်ုပ်အားသေစေလိုပါသနည်း"ဟု မေးမြန်းလေသည်။ ပုဏ္ဏကက "သင့်အားသတ်ပြီး သင့်နှလုံးသည်းပွတ်ကို ထုတ်ယူရန်ဖြစ်သည်"ဟု ပြန်ပြောလေသည်။ ဝိဓူရလည်း အကျိုးအကြောင်းကို မေးမြန်းစုံစမ်းသော် ဝိမလာဒေဝီနဂါးမင်း၏ မိဖုရားက မိမိထံမှ တရားကိုနာလို၍ ဤသို့ကြံဆခြင်းဖြစ်မည်ဟု တွေးဆလိုက်လေသည်။

ကာဠာဂိရိတောင်ထိပ်တွင် ဝိဓူရအမတ်သုခမိန်က ပုဏ္ဏကကိုသာဓုနရတရားလေးပါးကို စောင့်ထိန်းကြစေဖို့ အကျယ်တဝင့် ရှင်းလင်းဟောကြားဆုံးမလေသည်။

ယာတာနုယာယီစ ဘဝါဟိမာဏဝ၊
အလ္လဉ္စပါဏိံ ပရိဝဇ္ဇယဿု။
မာစဿု မိတ္တေသု ကဒါစိဒုဗ္ဘိ၊
မာစဝသံ အသတီနံ နိဂစ္ဆေ။

မာဏဝ၊ ကစ္စည်းလုလင်။ ယာတံ၊ ရှေ့သွားသောသူ၏နောက်သို့။ အနုယာယီစ၊ အစဉ်လိုက်သည်လည်း။ ဘဝါဟိ၊ဖြစ်လေလော့။ အလ္လဉ္စပါဏိံ၊ စိုစွတ်ပြီးသောလက်ကိုလည်း။ ပရိဝဇ္ဇယဿု၊ မသွေ့ခြောက်စေလင့်။ မိတ္တေသု၊ ချမ်းသာကိုဆောင်ပေသော ခင်ပွန်းကောင်းတို့၌။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ ဒုဗ္ဘိ၊ ဖျက်ဆီးခြင်းကို။ မာစဿု၊ မပြုလင့်။ အသတီနံ၊ သူတော်ကောင်းမဟုတ် ယုတ်မာသော မိန်းမတို့၏။ ဝသံ၊ အလိုသို့(ဝါ) တစ်နည်းကား အသတီနံ၊ အလိုရမ္မက်ဆိုးရှိသောမိန်းမတို့၏။ ဝသံ၊ နိုင်ငံသို့။ နိဂစ္ဆေ၊ မလိုက်ရာ။

အဓိပ္ပာယ်ကား "ကစ္စည်းလုလင် . . . သူတော်ကောင်းဟု သမုတ်အပ်သောသူတို့၌သာတည်သောကြောင့် သာဓုနရဟုဆိုအပ်သော တရားသည် ဤလေးပါးတို့တည်း။"

၁။ ယာတာနုယာယီ–ရှေးသူတော်ကောင်းတို့သွားသောတရားလမ်းကို မယွန်းမထောင့် ဖြောင့်မှန်စွာလိုက်ခြင်းလည်းတစ်ပါး။

၂။ အလ္လဉ္စပါဏိံပရိဝဇ္ဇယ–စိုစွတ်သောလက်ကိုခြောက်သွေ့ပူလောင်အောင် မပြုခြင်းလည်းတစ်ပါး။

၃။ မိတ္တအဒုဗ္ဘိ–ခင်ပွန်းကောင်းအားမပြစ်မှားခြင်းလည်းတစ်ပါး။

၄။ အသတီနံ မာနိဂစ္ဆ–မိန်းမတို့၏အလိုရမ္မက်ဆိုးနောက်သို့မလိုက်ခြင်းလည်းတစ်ပါး။

ပုဏ္ဏကသည် ထိုတရားအနက်ကိုမသိနိုင်သည်ဖြစ်၍ အကျယ်ဖွင့်စေခြင်းငှာ–

"အမတ်သုခမိန် . . . သွားသောသူနောက်သို့ အစဉ်လိုက်ခြင်း ဆိုသည်ကား အဘယ်နည်း" ၊"စိုစွတ်သော လက်ကိုမပူလောင်စေနှင့် ဆိုသည်ကားအဘယ်နည်း"၊ "ခင်ပွန်းပြစ်မှားသောသူ ဟူသည်ကား အဘယ်နည်း"၊"မိန်းမယုတ်ဟူသည်ကားအဘယ်နည်း"၊ " ဤလေးပါးသောတရားကို သင်ဟောသော်လည်း သဘောလျှို့ဝှက်ခဲခက်ကျဉ်းလှသောကြောင့် ငါမသိနိုင်၊ ယခုငါမေးတိုင်း အကျယ်ချဲ့ဖွင့်၍ ဟောဦးလော့" ဟုဆို၏။

ဝိဓူရသုခမိန်က"ကစ္စည်းလုလင် . . . အကြင်သူသည် အတူတကွ မနေကြဘူး၊ မတွေ့ကြဘူး၊ မမြင်ကြဘူးဖြစ်၍ မသိမကျွမ်းဘဲလျက် မိမိကိုနေရာပေးခြင်း၊ ခဲဖွယ်ဘောဇဉ်တည်ကျွေးခြင်းစသော ဧည့်သည်တို့ဝတ်ကိုပြုပေအံ့၊

ထိုသို့ပြုပေသောသူကို မိမိသည်လည်း ထိုသူကျင့်သကဲ့သို့ အစဉ်လိုက်၍ ကျေးဇူးတုံ့ကျင့်ရာ၏။ ထိုသို့ကျင့်ခြင်းသည် " **ယာတာနုယာယီ** " တရားမည်၏ဟု ပညာရှိတို့ ဆိုကုန်၏။

ကစ္စည်းလုလင် . . .စွတ်သောလက်ကို မလောင်စေနှင့်ဟူသည်ကား အကြင်သူ၏အိမ်၌ တစ်ညဉ့်မျှလည်း နေဖူး တည်းဖူးအံ့၊ အကြင်သူ၏ အိမ်၌ထမင်း၊အဖျော်စသော နည်းနည်းများများ တစ်စုံတစ်ခုသောပစ္စည်းကိုရအံ့၊ ထိုသူအား စိတ်ဖြင့်မျှလည်း ပြစ်မှားခြင်းကိုမပြုအပ်၊ အကယ်၍ ပြစ်မှားချေအံ့၊ စိုစွတ်ပြီးသောလက်ကို ပူလောင်ခြောက်သွေ့စေသည်မည်၏။ ဤသည်လျှင် " **အလ္လဉ္စပါဏိံပရိဝဇ္ဇယ**" တရားမည်၏။

ကစ္စည်းလုလင် . . .ခင်ပွန်းပြစ်မှားသောသူဟူသည်ကား အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ နေမူလည်းနေဖူးအံ့၊ အိပ်မူလည်းအိပ်ဖူးအံ့၊ ထိုသစ်ပင်၏အကိုင်းအခက်ကို မဖျက်ဆီးရာ၊ မချိုးဖဲ့ရာ၊ ထိုသစ်ပင်သည် မိမိကိုယ်စိတ်ချမ်းသာခြင်းကို ဆောင်ပေသောကြောင့် ခင်ပွန်းမည်သတည်း။ ဤသို့ အနိန္ဒြိယဗဒ္ဓဥတုဇရုပ်မျှသာဖြစ်သော သစ်ပင်ကိုမျှလည်း တစ်နေ့တစ်ခဏမျှ တည်းနေမှီခိုဖူးပေလျှင် မဖျက်ဆီး မချိုးဖဲ့ရာဖြစ်တုံသေး၏၊ အသက်ရှိသော လူ၌ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း။ မပြစ်မှားအပ်သည်သာတည်း၊ ပြစ်မှားချေအံ့၊ မိတ္တဒုဗ္ဘိဖြစ်၏၊ ဤသည်လျှင် **"မိတ္တအဒုဗ္ဘိ "** တရားမည်၏။

လုလင် . . .မသူတော်သဘောသို့ သက်ဝင်သော မိန်းမတို့မည်သည် နှစ်သိန်းလေးသောင်းအထုရှိသော မြေကြီး၊ အတိုင်းအရှည်များစွာသော စည်းစိမ်ဥစ္စာအိမ်ထောင်ခမ်းနားတို့ကို ပေးအပ်နှင်း၍ သိမ်းမြန်းမွေးမြူငြားသော်လည်း အခွင့်ထင်လျှင် လင်၏ကျေးဇူးကိုမထောက် အကောက်ကြံ၍ အန္တရာယ်ပြုတတ်၏။ ထိုသို့ မယုံမှတ်အပ်သည် စင်စစ်ဖြစ်လျက် နှစ်သက်ဖွယ်သော မာယာဖြင့် များစွာဖြားယောင်းသည်များကို အကောင်းထင်၍ ငါ့ကိုသာကြင်သည်၊ ငါ့ကိုသာချစ်သည်ဟု ရမ္မက်စိတ်ဖုံးလွှမ်းသဖြင့် အခွင့်ကိုမဆင်မခြင် မတွေးဆ၊ မိန်းမအလိုရှိတိုင်း မိန်းမနိုင်ငံသို့လိုက်၍ မကောင်းမှုကိုမပြုအပ်၊ အကယ်၍ မဆင်မခြင်မိန်းမအလိုသို့ ငင်ရာပါချေငြားအံ့၊ စီးပွားမထင် ပင်ပန်းကာမျှ ရှိတတ်ချေသည်၊ ဤသည်လျှင် **"အသတီနံ မာနိဂစ္ဆ"** တရားမည်၏။ "စတုမဟာရာဇ်နတ်မင်းကြီး၏ တူတော် အမတ်စစ်သူကြီးဖြစ်သော နတ်မင်း . . .သင်သည် ဤလေးပါးသော သာဓုနရတရားနှင့်ပြည့်စုံစေလော့"ဟုဆို၏။

ပုဏ္ဏကလည်း အမြင်မှန်ရ၍ ဝိဓူရကိုပြန်လွှတ်လေသည်။ ဝိဓူရအမတ်က သူ့ကိုနဂါးမင်း၏ မိဖုရားထံအရောက်ပို့ရန် ပုဏ္ဏကကိုပြောလေသည်။ ပုဏ္ဏကလည်း ဝိဓူရကို ဝိမလာဒေဝီမိဖုရားကြီးထံ ပို့ဆောင်လေသည်။ နဂါးပြည်၌ ဝိမလာဒေဝီသည် ဝိဓူရအား အတိုင်းထက်အလွန်နှစ်သက်မြတ်နိုးသည်ဖြစ်၍ မိမိကျင့်ရန် တရားကိုဟောစေလိုသောကြောင့် ဝိဓူရကို တစ်သောင်းမကသော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေပြီးလျှင် နတ်ဝတ်နတ်တန်ဆာတို့ကို ဝတ်စေပြီးမှ နတ်၏ဘောဇဉ် မြိန်မြတ်သောရသာတို့ကို သုံးဆောင်စေ၍ တန်းဆာဆင်အပ်သော တရားဟောနေရာကို ခင်းပြီးလျှင် ထိုနေရာ၌နေစေ၏။ ဝိဓူရလည်း ထိုတရားဟောနေရာ၌ တင့်တယ်ခြင်းဖြင့် တင့်တယ်စွာနေ၍ မင်းကြီးမိဖုရားတို့မေးသော ပြဿနာကိုဖြေဆိုလျက်ဟော၏။ ဝိမလာဒေဝီသည် မိမိတို့ကျင့်ရန် တရားကို မေးလေသည်။

"အမတ်သုခမိန် . . .ဤငါတို့နဂါးပြည်၌ ရဟန်းပုဏ္ဏားအစရှိသော အလှူခံမရှိသောကြောင့် ကောင်းမှုမပြုရ၊ ထိုသို့ရဟန်းပုဏ္ဏားအစရှိသည် မရှိငြားသော်လည်း နဂါးပြည်၌ ဤသို့သော ဘုံဗိမာန်ကို တစ်ဖန်ဘဝသစ်၌ရမည့်အကြောင်း ကောင်းမှုဖြစ်အံ့သည့် တရားကိုသင်သုခမိန်သည်ငါ့အားဟောကြားပါလော့"ဟုဆို၏။ ဝိဓူရလည်း နဂါးပြည်၌ ကျင့်ရန် တရားကို ဟောကြားလေသည်။ "နဂါးမင်းသမီး . . .ဤနဂါးပြည်၌ သားသမီးအခြွေအရံအစရှိသော ပြည်သူ၊ ပြည်သားအပေါင်းတို့ကို တစ်စုံတစ်ခု အမှုကြောင့် အမျက်ထွက်ခွင့်ရောက်သော်လည်း အမျက်မထွက်စေမူ၍ ကိုယ်၏သိမ်မွေ့ခြင်း၊ နှုတ်စကား၏ သိမ်မွေ့နူးညံ့ခြင်းဖြင့် အသာတကြည်ပြေလည်အောင် စောင်မအုပ်ချုပ်လျက် တစ်ရက်မပြတ် သူတစ်ပါးတို့အား ကိုယ်နှင့်အတူ ချစ်မြတ်နိုးခြင်း မေတ္တာကိုပွားစေရာ၏။ ဤမေတ္တာတည်းဟူသောတရားသည် ခပ်သိမ်းသောအလှူတို့ထက် လွန်ကဲ၏။ ထိုသို့ မေတ္တာတည်းဟူသောတရားကိုကျင့်သဖြင့် ဤနဂါးပြည်၌ ကြီးမြတ်လှသော ဘုံဗိမာန်စည်းစိမ်ချမ်းသာကို အသက်ထက်ဆုံးစံစား၍ ဘဝပြောင်းရသည်ရှိသော် ဤနဂါးပြည်၏အထက်ဖြစ်သော နတ်ပြည်၌ အတုမရှိသော နတ်မင်းနတ်မိဖုရားစည်းစိမ်ကို စံစားရလတ္တံ့၊ ဤသို့နတ်ပြည်စည်းစိမ်ကို စံစားရခြင်းသည်ကား မေတ္တာတည်း ဟူသော တရားအကျင့်၏ အကျိုးတည်း"ဟု ဟောပေ၏။

ဤသို့ဝိဓူရဟောသော တရားစကားကိုကြားရလျှင် ဝိမလာဒေဝီသည် သုခမိန်၏နှလုံးတည်းဟူသော တရားကိုနာလိုခြင်းအာသာသည် ပြေငြိမ်းလေသည်။ ဝရုဏနဂါးမင်းကလည်း "သုခမိန်ပညာရှိကုန်သော သူတို့၏ နှလုံးသည်ကား ပညာသာလျှင်တည်း။ သင်သုခမိန်၏ သာယာနာပျော်ဖွယ် တရားဟောခြင်း ပညာတည်းဟူသော နှလုံးကိုငါတို့အလိုအတိုင်းကြားနာရ၍ အလွန်နှစ်သက်ဝမ်းမြောက်ပြီ၊ သင့်၌တရားပညာမှတစ်ပါး ငါတို့အလိုမရှိ"ဟုဆိုကာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ များစွာသောရတနာတို့ဖြင့် ပူဇော်ကာ ဝိဓူရအမတ် သုခမိန်ကို သိန္ဓောမြင်းနှင့်တင်ကာ ဣန္ဒပတ္ထနဂိုရ်ပြည်သို့ပြန်လည်ပို့ဆောင်လေသည်။ ပုဏ္ဏကလည်းဣရန္ဒတီကိုရလေသည်။

ဝိဓူရဇာတ်တော်ကိုကပြခြင်းဖြင့်–

၁။ ပညာရှိတို့စွမ်းဆောင်လျှင် မအောင်မြင်နိုင်စရာ မရှိဟူသော ကိုယ်ကျင့်သီလ ဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသော ပညာ၏အကျိုးကျေးဇူးကို သိရှိသဘောပေါက်စေခြင်း။

၂။ သာဓုနရတရားလေးပါးအကြောင်းကို နားလည်စေခြင်း၊ ထိုတရားလေးပါးကို လိုက်နာကြစေလိုခြင်း။

၃။ ဣတ္ထိယတို့၏ မာယာညွှတ်ကွင်းကို သတိပြုစေလိုခြင်း၊ သက်ဆင်းမိုက်မှားခြင်း၏ အပြစ်များကို သိစေလိုခြင်း။

၄။ လောင်းကစားခြင်း၏ ဆိုးကျိုးတရားအပြစ်များကို သိစေခြင်း၊ ထိုအသိဖြင့် လောင်းကစားမှုကို ရှောင်ရှားစေလိုခြင်း။

၅။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏အတုလံအတုမရှိသောပညာဉာဏ်ကြီးမြင့်မှုကို ကြည်ညိုသဒ္ဓါပွားများစေလိုခြင်း။

၆။ မေတ္တာတည်းဟူသော တရား၏အကျိုးကိုသိစေလိုခြင်း၊ လူတိုင်းလူတိုင်း မေတ္တာပွားများစေလိုခြင်း။

၇။ သူတော်ကောင်းဥစ္စာခုနစ်ပါးကိုပွားများစေလိုခြင်း စသည့် ယုံကြည်မှုသဒ္ဓါများဖြင့် ရည်ရွယ်ကပြကြရန်ရည်မှန်းကြမည်ဖြစ်ပါသည်။

ဝိဓူရဇာတ်တော်ကြီးကို စင်တင်ကပြကြမည်ဆိုပါက–

(၁) ဗာရာဏသီပြည်တွင် သူကြွယ်လေးဦးရဟန်းပြု၍ တရားအားထုတ်ကြပြီးနောက် သိကြားမင်း၊ ဝရုဏနဂါးမင်း၊ ဂဠုန်မင်း၊ ကောရဗျမင်းတို့ဖြစ်လာခန်း၊

(၂) မင်းဥယျာဉ်တွင်မင်းလေးပါးတို့ တရားအားထုတ်ရင်း မင်္ဂလာကန်၌ဆုံတွေ့ကြကာ တရားဆွေးနွေးကြခန်း၊ မိမိ၏ သီလကသာ အမြတ်ဆုံးဟု အသီးသီးပြောဆိုကြပြီး ဝိဓူရသုခမိန်ထံ အဆုံးအဖြတ်ခံယူရန်သဘောတူညီကြခန်း၊

(၃) ဝိဓူရသုခမိန်က ဆုံးဖြတ်ပေးရာ အားလုံးနှစ်သက်ကျေနပ်ကြပြီး မင်းလေးပါးတို့ ဝိဓူရသုခမိန်ကို အသီးသီးအသက ပူဇော်ကြခန်း၊

စာမျက်နှာ ၇ ကော်လံ ၁သို့ ❑

ပဉ္စမအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ စုဒ္ဒသမအစည်းအဝေးတွင် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဖတ်ကြားလျှောက်ထားစဉ်။

(သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကကောဝိဒ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တ ဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၏ အရေ အတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာမြွက်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တာဝန်အဖွဲ့ခွဲ၏ ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာသိရီက တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (တတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို နံနက် ၉နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များနှင့် လစ်လပ်လျက်ရှိသော တိပိဋက ရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်တစ်ပါး အစားထိုးရွေးချယ်ရန် တင်ပြလာခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားသည်။

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်းခဲဖွယ်၊ ဘောဇဉ်များ လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်း အမှတ်(၂၃)နေ ဦးကြည်ညွန့်(ဒုတိယဝန်ကြီး-အငြိမ်းစား) ဇနီး ဒေါ်အေးမြင့် မိသားစုက တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

❑ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

(၄) ဝရဏနဂါးမင်းနဂါးပြည်သို့ ပြန်ရောက်သောအခါ ပတ္တမြားလည်ဆွဲ မတွေ့သဖြင့် နဂါးမိဖုရားက မေးခန်း၊ ဝိဓူရသုခမိန်အား ပူဇော်ခဲ့ကြောင်းပြောပြရာတွင် နဂါးမင်း၏မိဖုရားဝိမလာဒေဝီက ဝိဓူရသုခမိန်ထံမှတရားကိုနာယူရန်ဆန္ဒပြင်းပြစွာဖြစ်ပေါ်ခန်း၊

(၅) ဝိမလာဒေဝီနာမကျန်းဟန်ဆောင်၍ ဝိဓူရ၏နှလုံးသားကို တရားသဖြင့်ရယူပေးပါမှ ပျောက်ကင်းချမ်းသာပါလိမ့်မည်ဟု ပရိယာယ်ဖြင့်ပြောရာ နဂါးမင်းကဆောင်ကြဉ်းပေးပါမည်ဟု ဝန်ခံကတိပြုခန်း၊

(၆) နဂါးမင်းကသမီးတော်ဣရန္ဒတီအား ထိုတာဝန်ကိုပေးအပ်ခန်း၊

(၇) ကာဠာဂီရိတောင်ထိပ်တွင် ဣရန္ဒတီပန်းမွေ့ရာခင်း တေးချင်းဆိုလျက်နေခန်း၊ နတ်သဘင်အစည်းအဝေးသို့သွားရင်း ပုဏ္ဏကက ဣရန္ဒတီကိုတွေ့မြင်ခန်း၊ ဣရန္ဒတီကပုဏ္ဏကနတ်ဘီလူးအား မြူဆွယ်၍ချစ်ကြိုက်ဟန်ဆောင်ခန်း၊ ပုဏ္ဏကကိုဝိဓူရနှလုံးသားကို ဆောင်ယူပေးပါဟုတိုက်တွန်း၍ ပုဏ္ဏကက ဆောင်ယူခဲ့ပါမည်ဟု ကတိပြုခန်း၊

(၈) ပုဏ္ဏကက ဝေပုလ္လတောင်မှ မနောဟရပတ္တမြားကို ဆောင်ယူပြီး ကစ္စည်းလုလင်အသွင်ပြောင်းကာ သိန္ဓောမြင်းစီးပြီး ဣန္ဒပတ္ထနဂိုရ်ပြည်သို့လာရောက်ခန်း။

(၉) ကောရဗျမင်းနှင့် ပုဏ္ဏကတို့အန်ကစားခန်း၊ ကောရဗျမင်းရှုံးနိမ့်၍ ပုဏ္ဏက ဝိဓူရကို လောင်းကြေးအဖြစ်တောင်းဆိုခန်း၊

(၁၀) ဝိဓူရသုခမိန်က မိမိကိုယ်မိမိ ကောရဗျမင်း၏ကျေးကျွန်ဖြစ်သည်ဟုဆိုကာ ပုဏ္ဏကထံလိုက်ပါရန် သဘောတူညီခန်း၊ ဝိဓူရက ပုဏ္ဏကထံ နှစ်ရက်၊ သုံးရက် ခေတ္တဆိုင်းရန် တောင်းဆိုရာ ပုဏ္ဏက ခွင့်ပြုခန်း၊

(၁၁) ဝိဓူရသုခမိန်က ဇနီး၊ သားသမီး၊ ကျေးကျွန်တို့အား ရာဇဝသတီတရားဖြင့် ဆုံးမစကားပြောကြားခန်း၊

(၁၂) သိန္ဓောမြင်းအမြီးကို ဝိဓူရအား ဆွဲစေပြီး ပုဏ္ဏက ကောင်းကင်ခရီးနှင်ခန်း၊ တောတောင်များကို ဖြတ်သန်းခန်း၊ ဝိဓူရမသေဆုံးသဖြင့် ပုဏ္ဏကအမျက်ထွက်ကာ ဘီလူး၊ ခြင်္သေ့၊ ဆင်၊ မြွေ၊ လေပြင်း အသံတို့ဖြင့် ခြောက်လှန့်ရာ ဝိဓူရမကြောက်လန့်၍ ခြေမှဆွဲကိုင်ကာ တောင်အောက်သို့ ပစ်ချဟန်ပြုခန်း၊

(၁၃) ဝိဓူရက ပုဏ္ဏကကို မိမိအားသေစေလိုသည့်အကြောင်းကိုမေးခန်း၊ ပုဏ္ဏကအား သာဓုနရတရား လေးပါးဟောကြားရာ ပုဏ္ဏက အမြင်မှန်ရခန်း၊

(၁၄) နဂါးပြည်တွင် နဂါးမိဖုရား ဝိမလာဒေဝီကို ဝိဓူရက တရားဟောခန်း၊ ပုဏ္ဏကနှင့် ဣရန္ဒတီ ထိမ်းမြားခန်း၊

(၁၅) ဝိဓူရသုခမိန် နေပြည်တော်ပြန်ရောက်ခန်း၊

(၁၆) နှစ်ပါးသွားခန်းတို့ဖြင့် ဇာတ်ညွှန်းရေးသားတင်ဆက်ကပြရန် သင့်ပေသည်။ ဇာတ်၏သဘောအရ ဇာတ်ညွှန်းရေးဆရာ၊ ဇာတ်စီး၏ခေါင်းဆောင်မှုနောက်သို့ ကျွန်တော်တို့ ပရိသတ်များက စီးမျောလိုက်ပါခံစားနေမည်သာဖြစ်ပါသည်။

သတိချပ်သင့်သည်မှာ ဝိဓူရဇာတ်တော်ကို ကပြသည့် ရည်ရွယ်ချက်ခုနစ်ရပ် လမ်းကြောင်းပေါ်မှ သွေဖည်မသွားရေးပင်ဖြစ်သည်။ ကြွေအန်လောင်းကစားခန်းကို အသားပေးတင်ဆက်ကပြနေခြင်း၊ ဇာတ်နာစေလိုသည့်ဆန္ဒဖြင့် ဝိဓူရသုခမိန်အား ပုဏ္ဏကတောင်စဉ်ခုနစ်ထပ်၌ နှိပ်စက်ညှဉ်းပန်းခန်းကို အကျယ်ချဲ့ အမွှမ်းတင်၍ အလွမ်းသယ်နေခြင်းမျိုး မဖြစ်စေဘဲ ဇာတ်ပို့ခန်းအကျဉ်းမျှသာ ကပြသင့်ပါသည်။ ယင်းသို့ကပြခြင်းဖြင့် ဇာတ်လမ်းကျောရိုးကို မထိခိုက်နိုင်ဟု ထင်ပါသည်။ အကြောင်းမှာ ဇာတ်၏အနှစ်သာရဖြစ်သည့်-

(၁) ကြွင်းသောပါရမီကိုးပါးကို အခြံအရံ အထောက်အကူထားကာ ပညာပါရမီအထွတ်တင်လျက် လောကတ္ထစရိယာကို ဆောင်ခြင်း၊

(၂) ပညာဉာဏ်ကြီးသူများသည် ဘေးအန္တရာယ် အသွယ်သွယ်ကို ကျော်ဖြတ်လွန်မြောက်အောင်မြင်ခြင်း၊

(၃) ပညာရှိကဝိတစ်ပါးကို အကြောင်းပြုလျက် ခပ်သိမ်းသောသတ္တဝါတို့ ကောင်းကျိုးအဖြာဖြာကို ရရှိကြခြင်း၊

(၄) မိတ်ဆွေကောင်းတို့ကို မပြစ်မှားအပ်ကြောင်း၊ သူတစ်ထူး၏ တင်ပေဖူးသည့် ကျေးဇူးတရားကို မချေဖျက်သင့်ကြောင်း၊ အရိပ်နေနေ အခက်ချိုးချိုး မပြုလုပ်သင့်ကြောင်း-

စသည့်သုတ၊ ရသ၊ ဓမ္မ တို့ဖြင့် ဝေဆာထုံမွှန်းတင်ဆက်လျက် အမျိုးသားယဉ်ကျေးမှုအမွေကို မျိုးဆက်သစ်တို့လက်သို့ လက်ဆင့်ကမ်းပေးသွားရန် ဖြစ်ပေသည်။

ဇာတ်၏ဖြစ်စဉ်အရ ဇာတ်ရုပ်များကိုလေ့လာကြည့်ပါက-

(၁) ဝိဓူရသုခမိန်

(၂) မင်းလေးပါး(ကောရဗျမင်း၊ သိကြားမင်း၊ ဝရဏနဂါးမင်း၊ ဂဠုန်မင်း)

(၃) ပုဏ္ဏက

(၄) ဝိမလာဒေဝီ(ဝရဏနဂါးမင်း၏မိဖုရား)

(၅) ဣရန္ဒတီ(ဝရဏနဂါးမင်း၏သမီးတော်)

(၆) အနောဇာဒေဝီ (ဝိဓူရသုခမိန်၏ဇနီး)

(၇) ဝိဓူရသုခမိန်၏သား-သမီးများ

(၈) ဝိဓူရသုခမိန်၏ကျေးကျွန်များ

(၉) ဝေဿဝဏ်နတ်မင်းတို့ကို တွေ့မြင်နိုင်မည်ဖြစ်ပေသည်။ ဇာတ်ဆရာအလိုကျ ဝေဿဝဏ်နတ်မင်းမပါလိုပါက ဇာတ်စကားဖြင့် ပြောကြားသွားရုံမျှဖြင့်လည်း လုံလောက်ပါသည်။

ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားရုံမျှဖြင့် ဝိဓူရသုခမိန်၏ သူတော်ကောင်းတရားသည် လောကအလှတရားဖြစ်သောကြောင့် ငြိမ်းအေးချမ်းမြေ့ဖွယ် သန္တရသကို ရရှိသည်။ ပုဏ္ဏကဘီလူးက ဝိဓူရ၏ အသည်းနှလုံးကိုယူရန် တောင်စောင်း၊ သစ်ပင်တို့ဖြင့် တိုက်သတ်ပုံမှာ ကြောက်လန့်ဖွယ်ကောင်းသောကြောင့် ဘယာနက ရသကို ရရှိသည်။ ပုဏ္ဏက၏ စိတ်ဓာတ်မှာ ရဲရင့်တည်ကြည်ပြတ်သားသဖြင့် အားတက်ဖွယ် ဝီရရသကို ခံစားရပြန်သည်။ ဇနီး၊ သားသမီးတို့အပေါ်တွင် ချစ်ခင်ယုယမှုဖြင့် ဆုံးမစကားမှာထားခဲ့သော ဝိဓူရသုခမိန်၏ စကားမှာ ချစ်ခင်ဖွယ် သိင်္ဂါရ ရသကိုလည်း ဖြစ်စေသည်။

အချုပ်ဆိုရသော် ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်ဟူသော သဘင်ပညာရှင်တို့၏ အစဉ်အလာစကားအရ လောကအရေး၊ ဓမ္မအရေးတို့ဖြင့် ကူးလူးဆက်နွယ် ပေါင်းစပ်တင်ဆက်လာကြမည့် သဘင်ပညာရှင်များ၏ ပြိုင်ပွဲဝင် ဝိဓူရဇာတ်တော်ကြီးကို ပွဲကြည့်ပရိသတ်တို့က ကြိုဆိုအားပေးနေမည်သာ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဓမ္မဒူတ ဇေတဝန်တောရ ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ အမှူးရှိသောကျောင်းရှိ သံဃာတော် အရှင်သူမြတ်တို့အား ဇူလိုင် ၂၀ရက်တွင် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြတ်သန္တာစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၃

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ဆယ်မိုင်ရှိ မြတ်သန္တာစာသင်တိုက်၌ ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ အမှူးပြုသော စာချ စာသင် သံဃာတော်အပါး ၇၀ တို့အား ဇူလိုင် ၁၆ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် စော်ဘွားကြီးကုန်းရပ်ကွက် ဆယ်မိုင် နဝဒေးလမ်းနေ ဦးဝင်းအောင်-ဒေါ်အေးအေးသန်း မိသားစုတို့က မတည်၍ တပည့်ဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စန်းမြသီတာ မဟာစည်ရိပ်သာ ဝါတွင်းတရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၃

မုံရွာ စန်းမြသီတာဆရာတော် ဘဒ္ဒန္တနိပုဏနှင့် တပည့်သံဃာတော်များ တရားဟော တရားပြသနေသည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် ပေါ်ဦး(၄)လမ်းရှိ စန်းမြသီတာ မဟာစည်ရိပ်သာ၌ ဝါတွင်းတရားစခန်းပွဲများ ဖွင့်လှစ်မည်ဖြစ်ရာ ဇူလိုင် ၁၈ရက်မှ ၂၈ရက်အထိပြုလုပ်မည့် ဌေးသန်းရတနာ ပထမထပ် ၁၀ရက် တရားစခန်းပွဲတွင် ဒုတိယဗိုလ်မှူးကြီးဌေးလွင်-ဒေါ်အေးသန်း မိသားစုက မတည်လှူဒါန်းကြမည်ဖြစ်၍ စခန်းဝင်ယောဂီများသည် ရိပ်သာအကျိုးဆောင်အဖွဲ့ ဖုန်း-၅၈၀၇၂၂သို့ ကြိုတင်ဆက်သွယ် စာရင်းပေးနိုင်ကြပြီး ဇူလိုင် ၂၀ရက်(ဝါဆိုလပြည့်နေ့)တွင် ကျင်းပမည့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်ပွဲသို့လည်း ကြွရောက်ကုသိုလ်ယူကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

မြိုင်ကြီးငူအထူးဒေသမှာ လမ်းပန်းဆက်

ရေရှည်အကျိုးစီးပွားရရှိရေးအတွက် ရော်ဘ

❀ ကျောဖုံးမှ

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့ နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည် မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဉ္စိယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် သြဝါဒါစရိယ သက်တော်ရှည် မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဉ္စိယ၊ ကရင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လုမ္ဗိနီဥယျာဉ်ကျောင်းတိုက်ဆရာတော် ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တကဝိဓဇ အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကန်တော့ကြပြီး အတွင်းရေးမှူး(၁)က ဆရာတော်ကြီးများ၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူ အထူးဒေသ ဂန္ဓကုဋိတိုက် စံကျောင်းတော်ရှိဘောသဇ္ဈမုနိ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ရဟတ်ယာဉ်ဖြင့် ဘားအံမြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဒေသဖွံ့ဖြိုးရေးဆွေးနွေး

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာ၌ တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ယင်းသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တည်ငြိမ်အေးချမ်း

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိမိနှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် မြိုင်ကြီးငူ အထူးဒေသသို့သွားရောက်ကြည့်ရှုခဲ့ရာ မြိုင်ကြီးငူ အထူးဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ဒေသနေ တိုင်းရင်းသားများမှာလည်း တည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်လျက်ရှိနေကြသည်ကို တွေ့မြင်ရကြောင်း။

မြိုင်ကြီးငူ အထူးဒေသရှိ ဒီကေဘီအေ အဖွဲ့ဝင် မိသားစုများ၏ လတ်တလော စားဝတ်နေရေး ပိုမိုပြည့်စုံဖူလုံအောင် ဆန်စပါး တိုးချဲ့စိုက်ပျိုးပြီး တစ်ဖက်ကလည်း မိသားစုဝင်ငွေတိုးစေမည့် ပဲအမျိုးမျိုး၊ ပြောင်းစသည့် သီးနှံများကဲ့သို့ ဒေသတွင်း ဖြစ်ထွန်းအောင်မြင်သည့် သီးနှံများ တိုးချဲ့ စိုက်ပျိုးသွားကြရန်မှာကြားလိုကြောင်း။

နှစ်ရှည်သီးနှံ

ထို့ပြင် အဖွဲ့အစည်းဝင် မိသားစုများ၏ ရေရှည်အကျိုးစီးပွား ရရှိရေးအတွက် ရော်ဘာကဲ့သို့သော နှစ်ရှည်သီးနှံမျိုးကို စိုက်ပျိုးရနိုင်သမျှ နေရာလပ်များ၌ စီးပွားဖြစ် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ပေးသွားမည် ဖြစ်ကြောင်း။

ထို့ပြင် မိသားစုများအတွက် အပိုဝင်ငွေ ရရှိစေနိုင်မည့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း၊ ဓာတ်သတ္တုတူးဖော် ရှာဖွေရေး လုပ်ငန်းများကိုလည်း သတ်မှတ်စည်းမျဉ်းများနှင့်အညီ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြိုင်ကြီးငူ အထူးဒေသမှ တာဝန်ရှိသူများကလည်း ပြည်နယ်အေးချမ်းသာယာရေး၊ ဒေသတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် မိမိတို့မိသားစုဝင်များအပါအဝင် တိုင်းရင်းသားအားလုံး ဥပဒေဘောင်အတွင်း အေးချမ်းသာယာစွာဖြင့် လူနေမှုအဆင့် ပိုမိုမြင့်မားလာစေရေးတို့ကို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်ခေါင်းဆောင်သောအဖွဲ့အား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြိုင်ကြီးငူ အထူးဒေသမှ တာ
လည်း ပြည်နယ်အေးချမ်းသာယာ
မှီတင်းနေထိုင်လျက်ရှိကြသည့် မိမိ
များ အပါအဝင် တိုင်းရင်းသားအ
ဘောင်အတွင်း အေးချမ်းသာယာ
အဆင့် ပိုမိုမြင့်မားလာစေရေးတ
ဆောင်ရွက်။

က လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိ
ရေးအတွက် ရော်ဘာကဲ့သို့သော နှစ်ရှည်သီးနှံမျိုးကို စိုက်ပျိုးရနိုင်သမျှ နေရာလပ်များ၌ စီးပွားဖြစ်စိုက်ပျိုး

ကောဘီ
များ၏
း ပိုမို
တိုးချဲ့
သားစု
ပြောင်း
တွင်း
နှံများ
ကြား

သားစု
ရှိရေး
စ်ရှည်
နေရာ
သွား
င်တော်

အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ပေးသွားမည် ဖြစ်ကြောင်း။

ထို့ပြင် မိသားစုများအတွက် အပိုဝင်ငွေ ရရှိစေနိုင်မည့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း၊ ဓာတ်သတ္တုတူးဖော် ရှာဖွေရေး လုပ်ငန်းများကိုလည်း သတ်မှတ်စည်းမျဉ်းများနှင့်အညီ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြိုင်ကြီးငူ အထူးဒေသမှ တာဝန်ရှိသူများကလည်း ပြည်နယ်အေးချမ်းသာယာရေး၊ ဒေသတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် မိမိတို့ မိသားစုဝင်များအပါအဝင် တိုင်းရင်းသားအားလုံး ဥပဒေအောင်အတွင်း အေးချမ်းသာယာစွာဖြင့် လူနေမှုအဆင့် ပိုမိုမြင့်မားလာစေရေးတို့ကို

ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒီကေဘီအေအဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များက မြိုင်ကြီးငူ အထူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဝမ်းစာ ဖူလုံရေး ဆန်စပါး၊ ပဲမျိုးစုံ၊ တိုင်းရင်းဆေး၊ နှစ်ရှည်သီးနှံရော်ဘာနှင့် အခြားဒေသနှင့် ကိုက်ညီသည့် ရာသီသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်နှင့် ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က မြိုင်ကြီးငူ အထူးဒေသ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြိုင်ကြီးငူ အထူးဒေသ ဝမ်းစာဖူလုံရေး၊ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရာတွင် ဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေတို့နှင့်

ဖြည့်စွက်ရှင်းလင်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိုင်ကြီးငူ အထူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းသစ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ရှင်းလင်း တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြိုင်ကြီးငူ အထူးဒေသသို့ ထပ်မံရောက်ရှိလာသော မိသားစုဝင်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် စောင်နှင့် အဝတ်အထည်များ၊ လူသုံးပစ္စည်းများကို မြိုင်ကြီးငူ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြိုင်ကြီးငူ အထူးဒေသသို့ ထပ်မံရောက်ရှိလာသော မိသားစုဝင်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သည့် စောင်နှင့်အဝတ်အထည်များ၊ လူသုံးပစ္စည်းများကို မြိုင်ကြီးငူ အထူးဒေသ ဒီကေဘီအေ အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်အား ပေးအပ်စဉ်။ (သတင်းစဉ်)

း‌ဆွေးနွေးမှာကြား

ာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး
စိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ
ာ ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး
ဦးသာထူးကျော်ခေါင်းဆောင်သောအဖွဲ့အား
မြန်တပ်မဌာနချုပ် ဧည့်ရိပ်သာ၌တွေ့ဆုံ၍
ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ူ အထူးဒေသမှ တာဝန်ရှိသူများက
နယ်အေးချမ်းသာယာရေး၊ ဒေသတွင်း
ိုင်လျက်ရှိကြသည့် မိမိတို့ မိသားစုဝင်
အဝင် တိုင်းရင်းသားအားလုံး ဥပဒေ
တွင်း အေးချမ်းသာယာစွာဖြင့် လူနေမှု
ိုမြင့်မားလာစေရေးတို့ကို ကြိုးပမ်း
။

ကရင်ပြည်နယ် လှိုင်းဘွဲ့ မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်း အရုံး (ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူး ကျော် ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

စပ်လျဉ်း၍လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က သတ္တုရှာဖွေတူးဖော်မည့် လုပ်ငန်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က မြိုင်ကြီးငူ အထူးဒေသ အပါအဝင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မြိုင်ကြီးငူ အထူးဒေသ ဆက်လက်တိုးတက်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်အရှေ့ပိုင်းနမ့်မွေတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၈။ တေးဂီတအစီအစဉ်
- ၆:၀၀ ၉။ **"ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်ငြွေထွန်း၊ ဇေဒါ) (ဒါရိုက်တာ–သက်တင်)**
- ၆:၀၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
- ၆:၁၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ"(အပိုင်း–၄၇)**
- ၇:၂၅ ၁၅။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့ဝင်များ၏ ကြိုတင်ပြင်ဆင်မှုများ "ဘောလုံး" (အမျိုးသမီး)**
- ၇:၄၅ ၁၆။ ကြားမြင်သုတ ပြည့်ဝစေရာစာပဒေသာ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတ်ဆွေ" (အပိုင်း–၃)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တည်ဆောက်

☆ စာမျက်နှာ ၉ မှ

အထူးဒေသ ဒီကေဘီအေအဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များအား ပေးအပ်သည်။

ယင်းမှ တစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့ နံနက် ၈နာရီတွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ တပ်မတော် အရာရှိကြီးများ၊ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

ယင်းသို့ တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းရောက်ရှိရေးတွင် အဓိကကျသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်တို့တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်သွားကြရေးစသည်တို့ကို အကျယ်တဝင့်ရှင်းလင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သံလွင်တံတား(မော်လမြိုင်)

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)သည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၉နာရီခွဲတွင် မော်လမြိုင်ဘက်ကမ်းရှိ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် (တံတား) ဦးခင်မောင်အေးက သံလွင်တံတား(မော်လမြိုင်) ကားလမ်း တည်ဆောက် ပြီးစီးဖွင့်လှစ်ခဲ့မှု၊ သံလွင်မြစ်ကြောင်း ရေစီးရေလာအခြေအနေ၊ ပင်မတံတားအုတ်မြစ်တိုင်များထိန်းသိမ်းစောင့်ရှောက်မှု၊ သံလွင်တံတားကြီးပေါ်မှနေ့စဉ် လူစီးမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လူနှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာမှု အခြေအနေ၊ သက်ဆိုင်ရာ ဌာနများနှင့် သံလွင်မြစ်ကြောင်း ရေလမ်းကြောင်း ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မော်လမြိုင်ဘက်ကမ်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်နှင့် မုတ္တမဘက်ကမ်း တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က မော်လမြိုင်ဘက်ကမ်းနှင့် မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း) လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘိုးပိုင် အုတ်မြစ်တူးခြင်း၊ သံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း၊ဘိုးပိုင်ထိပ်အုပ် (Cap)သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၊ တိုင်ကိုယ်ထည် (Shaft) သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း၊ တိုင်ထိပ်ရက်မ (Cross Beam) သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ PC Girder ပြုလုပ်ခြင်းနှင့် တိုင်ထိပ်ရက်မပေါ်သို့ တင်ခြင်းလုပ်ငန်း၊ Overlay Decking Slab ကွန်ကရစ်လောင်းခြင်း လုပ်ငန်း၊ Side Drain ပြုလုပ်ခြင်း၊ Drain Cover သွန်းလောင်း ထုတ်လုပ်ခြင်း၊ စီခင်းခြင်း၊ Hand Rail တပ်ဆင်ခြင်း၊ သံလမ်းနှင့် ဇလီဖားတုံးများခင်းခြင်း၊ ဘိုးပိုင်တူးရန် ယာယီလမ်းဖောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ချဉ်းကပ်ရထားလမ်း

ယင်းနောက် မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနမှ စီမံကိန်းအင်ဂျင်နီယာမှူး ဦးလွမ်းသူက သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေး လုပ်ငန်းများမှ မုတ္တမဘက်ခြမ်း ရထားလမ်းခွဲမှ ပင်မတံတားအထိ ရထားလမ်းခင်းခြင်း လုပ်ငန်း၊ ပင်မတံတားပေါ်၌ သံလမ်းခင်းခြင်းလုပ်ငန်း၊ မော်လမြိုင်ဘက်ခြမ်း ပင်မတံတားထိပ်မှ မော်လမြိုင် ဘူတာယာဒ်ဝင်းအထိ ချဉ်းကပ် ရထားလမ်းခင်းခြင်းလုပ်ငန်း၊ မော်လမြိုင် ဘူတာယာဒ်ဝင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် မော်လမြိုင်ဘူတာယာဒ်ဝင်းမှ မော်လမြိုင်–ရေး ရထားလမ်းနှင့် လမ်းဆုံအထိ ချဉ်းကပ်ရထားလမ်း ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းတည်ဆောက်နေမှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း မှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ဤသံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံ၌ အကြီးဆုံး၊ အရှည်ဆုံးတံတားကြီးဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအတွက်သာမက ပြည်နယ်အတွက်ပါ အမြဲတမ်း ဂုဏ်ယူနေရမည့် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေမည့် တံတားကြီးလည်းဖြစ်ကြောင်း။

အမြဲမပြတ်စစ်ဆေး

တံတားကြီးတည်ဆောက်ထားသည့် နေရာမှာလည်း မြစ်ကြီးသုံးစင်းဆုံရာ ရေနက်၍ရေစီးသန်သည့် နေရာဖြစ်သည့်အတွက် တံတားကြီးရေရှည်ကြံ့ခိုင်ရေးအတွက် ရေစီးရေလာနှင့် ရေကြောင်းပြောင်းလဲမှုအခြေအနေများကို အမြဲမပြတ်စစ်ဆေးပြီး ဂရုပြုထိန်းသိမ်းသွားရန်မှာကြားလိုကြောင်း။

တံတားကြီး၏အောက်ခြေ၌ဖြတ်သန်းသွားလာကြသည့် ရေယာဉ်များကိုလည်းသတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း တိတိကျကျလိုက်နာရန် ဂရုပြုထိန်းသိမ်းသွားကြရန်လိုကြောင်း။

ဆက်လက်တည်ဆောက်လျက်ရှိသည့် ရထားလမ်းတံတားများကိုလည်း သတ်မှတ်ထားသည့် စံချိန်၊ အရည်အသွေးမီဖြစ်စေရန် အဆင့်ဆင့်ကြီးကြပ်သွားရန်လိုသကဲ့သို့ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရန်လည်း ဂရုတစိုက်ထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)ကို မော်လမြိုင်ဘက်ကမ်းရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း မော်လမြိုင်ဘက်ကမ်းနှင့် မုတ္တမဘက်ကမ်းများ၌ လုပ်ငန်းဆောင်ရွက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း)ကို ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁၉ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဇူလိုင် ၁၂ရက်အထိ ဘိုးပိုင် အုတ်မြစ်တူးခြင်း၊ သံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ၇၃ရာခိုင်နှုန်း၊ Cap သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း ၆၄ ရာခိုင်နှုန်း၊ Shaft သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ၅၁ရာခိုင်နှုန်း၊ Cross Beam သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း ၃၃ရာခိုင်နှုန်း၊P.C. Girder သွန်းလောင်းထုတ်လုပ်ခြင်းလုပ်ငန်း ၂၀ ရာခိုင်နှုန်း၊ Overlay Decking Slab ကွန်ကရစ်သွန်းလောင်းခြင်း၊ Side Drain ပြုလုပ်ခြင်းနှင့် Hand Rail တပ်ဆင်ခြင်းလုပ်ငန်း ခုနစ်ရာခိုင်နှုန်း၊ P.C Girder သယ်ရွှေ့ရန် ယာယီလမ်းဖောက်ခြင်းလုပ်ငန်း ၈၀ရာခိုင်နှုန်းပြီးစီးနေပြီး မော်လမြိုင်ဘက်ကမ်းမှ တာဝန်ယူ ဆောင်ရွက်ရသော လုပ်ငန်းတစ်ခုလုံးအပေါ် ၄၃ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မုတ္တမဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း)ကို ၂၀၀၃ခုနှစ် ဩဂုတ် ၂၅ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဇူလိုင် ၁၂ရက်အထိ ဘိုးပိုင် အုတ်မြစ်တူးခြင်း၊ သံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ၆၂ရာခိုင်နှုန်း၊ Cap သံဆင်ခြင်း၊ ပုံစံဆင်ခြင်း ကွန်ကရစ်လောင်းခြင်း လုပ်ငန်းမှာ ၄၅ရာခိုင်နှုန်း၊ Shaft သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း ၃၆ရာခိုင်နှုန်း၊Top Beam သံဆင်ခြင်း၊ ပုံစံဆင်ခြင်း၊ ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ၂၉ရာခိုင်နှုန်း၊P.C Girder သွန်းလောင်းထုတ်လုပ်ခြင်း လုပ်ငန်း ၁၂ရာခိုင်နှုန်း၊ Overlay Decking Slab ကွန်ကရစ်လောင်းခြင်းလုပ်ငန်းခုနစ်ရာခိုင်နှုန်း၊ ဘိုးပိုင်တူးရန် ယာယီလမ်းဖောက်ခြင်းလုပ်ငန်း ၈၅ရာခိုင်နှုန်းပြီးစီးနေပြီး မုတ္တမဘက်ကမ်းမှ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းတစ်ခုလုံးအပေါ် ၃၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်သည်။ တံတားကြီးတစ်စင်းလုံး၏ မီးရထား ချဉ်းကပ်တံတားလုပ်ငန်းမှာ ၄၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်သည်။

မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနက သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေး စီမံကိန်း၌ပါဝင်သည့် လုပ်ငန်းများ ဆောင်ရွက်မှုတွင် မုတ္တမဘက်ခြမ်းနှင့် မော်လမြိုင်ဘက်ခြမ်းချဉ်းကပ်တာပေါင် မြေကြီး လုပ်ငန်း ၆ ဒသမ ၁၉မိုင် ရှိသည့်အနက် ယနေ့အထိ ၅ ဒသမ ၅မိုင်ဆောင်ရွက်ပြီးဖြစ်သည်။ ချဉ်းကပ် ရထားလမ်းပိုင်းတွင် တံတား ၁၈စင်း ရှိပြီး ၁၄စင်း ဆောင်ရွက်ပြီးဖြစ်သည်။ ကျန်လေးစင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မော်လမြိုင်ဘူတာ

မော်လမြိုင်ဘူတာဆောက်လုပ်ခြင်း အပိုင်းတွင် Foundationမှ ပထမထပ် အထိ ဆောင်ရွက်လျက်ရှိပြီး ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ သံလမ်းခင်းခြင်းလုပ်ငန်းပိုင်းတွင် ပင်မတံတားပေါ် သံလမ်းခင်းခြင်းလုပ်ငန်း ၁ ဒသမ ၄မိုင်ကို ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သည်။ မော်လမြိုင်ဘူတာယာဒ်ဝင်းနှင့် မော်လမြိုင်ဘူတာယာဒ်ဝင်းမှ ရေးရထားလမ်းဆုံအထိ ရထားလမ်းပိုင်း သံလမ်းခင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၆ ဒသမ ၆၂မိုင်မှာ ဆောင်ရွက်ပြီးဖြစ်သည်။

မော်လမြိုင်ဘူတာယာဒ်ဝင်း တည်ဆောက်ခြင်းလုပ်ငန်း၏ စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ၃၃ရာခိုင်နှုန်း၊ ခရီးသည်နားနေစင်္ကြံတည်ဆောက်ခြင်း လုပ်ငန်း ၆၀ရာခိုင်နှုန်း၊ ဘူတာဝင်း အဝင်လမ်းနှင့် ယာဉ်ရပ်နားနေရာ ဆောင်ရွက်ခြင်းလုပ်ငန်း ၈၆ရာခိုင်နှုန်း ပြီးစီးနေပြီး ကျန်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မော်လမြိုင် တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကူးပြောင်းရောက်ရှိရေးတွင် အဓိကကျသည့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်တို့တွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အတူ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်။

ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ကျေးလက်အထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက် အချိန်နှင့်အမျှ ဆန်းသစ်ပြောင်းလဲလျက်ရှိသည့် ဆေးပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူး

➪ စာမျက်နှာ ၁၀ မှ

သံလွင်တံတား(မော်လမြိုင်)၏ ပင်မတံတားသည် ရထားလမ်းနှင့် ကားလမ်း တစ်ပြိုင်တည်း သွားလာနိုင်သည့် တံတားဖြစ်ပြီး မုတ္တမဘက်ကမ်းနှင့် မော်လမြိုင်ဘက်ကမ်း နှစ်ဖက်စလုံးတွင် ချဉ်းကပ်ရထားလမ်း၊ တံတားနှင့် ချဉ်းကပ်ကားလမ်းတံတားများ ပါဝင်သည်။ ပင်မတံတားနှင့် ချဉ်းကပ်ကားလမ်းတံတား၊ ချဉ်းကမ်းရထားလမ်းတံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ချဉ်းကပ်ရထားလမ်းကို မြန်မာ့မီးရထားက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် မော်လမြိုင်ဘူတာသစ်နှင့် ဘူတာယာဒ်ဝင်း တည်ဆောက်ရေး လုပ်ငန်းကို မြန်မာ့မီးရထားက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ သံလွင်တံတား(မော်လမြိုင်)ရထားလမ်း တည်ဆောက်ပြီးစီးပါက ရန်ကုန်မှ ထားဝယ်သို့ ရထားဖြင့် တစ်ဆက်တည်း တောက်လျှောက်သွားလာနိုင်မည်ဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)၏ ကားလမ်းတံတားကို ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်တွင် ဖွင့်လှစ်ခဲ့ပြီး သံလွင်တံတား(မော်လမြိုင်)၏ ရထားလမ်းပိုင်း အချိန်မီပြီးစီး ဖွင့်လှစ်နိုင်ရေးအတွက် တည်ဆောက်ရေးဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သံလွင်တံတား(မော်လမြိုင်) တံတားကြီးပေါ်မှ ယာဉ်ကြီး၊ ယာဉ်ငယ် အစီး ၉၀၀ကျော်၊ ဆိုင်ကယ်အစီး ၁၃၀၀ ကျော်၊ စက်ဘီးနှင့် ခြေကျင်ခရီးသွားများ နေ့စဉ် ဖြတ်သန်းသွန်းလာလျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထွေထွေရောဂါကုဆေးရုံ(မော်လမြိုင်)သို့ရောက်ရှိကြရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဝင်းကျော်၊ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူနှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်အစိုးရက ပြည်သူအားလုံး ကျန်းကျန်းမာမာနှင့် အသက်ရှည်နေထိုင်နိုင်ရေး၊ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆရာဝန်၊ ဆရာမများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူများအား ဆေးဝါးကုသပေးခြင်းသာမက ရောဂါကြိုတင်ကာကွယ်ရေးနှင့် တားဆီးရေး၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာရအောင် ဆောင်ရွက်ကြရေးနှင့် အချိန်နှင့်အမျှ ဆန်းသစ်ပြောင်းလဲလျက်ရှိသည့် ဆေးပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူးသွားကြရန်လိုကြောင်း။

ဆေးရုံများ၌ ကျန်းမာရေး ငွေပဒေသာပင်များ စိုက်ထူ၍ ချို့တဲ့နွမ်းပါးသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးရေးနှင့် ပြည်နယ်တစ်ခုလုံးယင်လုံအိမ်သာ သုံးစွဲရေးလုပ်ငန်းများကိုလည်း စေတနာရှင် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဆရာဝန်များ၊ သူနာပြုဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နှစ်ရှည်ပင်သုတေသန

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် အစို့ပေါက် ရော်ဘာမျိုးစေ့များ၊ တစ်သျှူးပျိုးပင်များ၊ ရော်ဘာအဖူးကူးနည်းဖြင့် မျိုးပွားထားသည့် ရော်ဘာပျိုးပင်များ၊ ရော်ဘာမျိုးစေ့မှ ရော်ဘာပျိုးပင်ငယ် ရယူပုံအဆင့်ဆင့် ပြသထားမှုကိုလည်းကောင်း၊ ရော်ဘာအဖူးကူးနည်း လက်တွေ့ပြသမှုကို လည်းကောင်း၊ ပြည်တွင်းရော်ဘာ စပ်မျိုးပျိုးပင်များကိုလည်းကောင်း၊ ဆီအုန်းမျိုးစေ့များ၊ ဆီအုန်းခိုင်များ၊ ဆီအုန်းမျိုးစေ့မှ ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ ဆီအုန်းဆီကြမ်း၊ ဆီသန့်၊ ဆီသပြေဆီသန့်၊ ရွှေကွမ်းသီး သီးခိုင်များကို လည်းကောင်း၊ ဆီအုန်းစိုက်ပျိုးပုံ နည်းစနစ်အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နှစ်ရှည်ပင်အသုံးချသုတေသနဌာနရှိ ပိုးမွှားနှင့် ရောဂါကာကွယ်ရေးဌာန၊ တစ်သျှူးမွေးမြူရေးဌာန၊ အပင်မွေးမြူရေးဌာန၊ ဆီအုန်းမျိုးစေ့ အပူပေးခန်း၊ စိုက်ပျိုးရေးဌာန၊ ထုတ်လုပ်မှုနှင့် နည်းပညာဌာန၊ မြေဆီဌာနနှင့် လေ့ကျင့်ပညာပေးရေးဌာနတို့ကို လှည့်လည်ကြည့်ရှုကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စည်းဝေးခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန အကြောင်းကို ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန ဒုတိယအထွေထွေ မန်နေဂျာ ဦးအေးဖေက နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန တည်ထောင်ခဲ့မှုနှင့် ရည်ရွယ်ချက်၊ ဝန်ထမ်းအင်အား၊ လုပ်ငန်းဌာနများ ဖွဲ့စည်းထားမှု၊ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်၊ ရော်ဘာနှင့် ဆီအုန်းမျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးမှု၊ ပြည်တွင်း ပြည်ပ သင်တန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)က သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး တွေ့ရှိချက်များကို စိုက်ပျိုးသူများအား ဖြန့်ဖြူးပေးရန် မှာကြားသည်။

မြန်မာ့ နှစ်ရှည်ပင် လုပ်ငန်း၏ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသည် ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနတွင် နှစ်ရှည်ပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သရက်၊ ဆီသပြေ၊ မက္ကဒေးမီးယားစသည့် နှစ်ရှည်ပင်များနှင့် စပ်လျဉ်း၍ အထွက်ကောင်း မျိုးစေ့ရွေးချယ်ခြင်း၊ ဒေသနှင့် ကိုက်ညီသည့် စပ်မျိုးများ စမ်းသပ်ခြင်း၊ မြေဆီလွှာဓာတ်ခွဲစမ်းသပ်ခြင်း၊ ပိုးမွှားရောဂါကျရောက်မှုများကို စမ်းသပ်လေ့လာခြင်း၊ ဆီအုန်း Tissue Culture များ စမ်းသပ်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ဇူလိုင် ၁၂ရက် ညပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်နှင့် မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ပေါင်မြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်၊ မော်လမြိုင်ခရိုင် အသင်းအတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်၊ မြို့နယ်အသင်းများမှ အတွင်းရေးမှူးများ၊ ခေတ္တအတွင်းရေးမှူးများက မိမိတို့၏ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ နိုင်ငံတော်က အားထားရမည့် စွမ်းရည်ထက်မြက်သည့် လူချွန်လူကောင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်နှင့် ပေါင်မြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)



အဖျက်သမားလှုပ်ရှားမှုများကို မျက်ခြည်မပြတ်ကြည့်ရှု မှုခင်းကျဆင်းရေးအပိုင်းကို အရှိန်တိုးမြှင့်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (ယာပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရဲမှူးချုပ်များ၊ တပ်ဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် ရဲတပ်ရင်းမှူးများ တက်ရောက်ကြသည်။

သွက်လက်ထက်မြက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက မျက်မှောက်နိုင်ငံတကာရေးရာ အခြေအနေများကို ရှင်းပြပြီး ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို သွက်လက်ထက်မြက်စွာ ဆောင်ရွက်ကြရန်၊ အထူးသဖြင့် လုံခြုံရေးကို သာမန်သမားရိုးကျ ဆောင်ရွက်နေသည်ထက် အဆပေါင်းများစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ မိမိတာဝန်ကျရာ ပြည်နယ်၊ တိုင်း အတွင်း၌သာမက ဆက်စပ်ပြည်နယ်၊တိုင်းများအထိ စနစ်တကျ ကွန်ရက်ဖြန့်ကြက်ဆောင်ရွက်ရန်၊ အဓိကအနေဖြင့် ပြည်သူ၏ ပူးပေါင်းကူညီမှု၊ ပြည်သူက သတင်းပေး ကူညီဆောင်ရွက်မှုကိုပါ အမိအရ တည်ဆောက်ပြီး NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ကြရန်၊ အဖျက်သမား လှုပ်ရှားမှုများကိုမျက်ခြည်မပြတ်ကြည့်ရှုရန်၊ မိမိတို့၏ အဓိကတာဝန်ဖြစ်သည့် မှုခင်းကျဆင်းရေးအပိုင်းကို အရှိန်တိုးမြှင့်ကြပ်မတ်ဆောင်ရွက်ရန်နှင့် နယ်မြေအေးချမ်းသာယာမှု ရှိရန်အတွက် ကြိုတင်ကာကွယ် တားဆီးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်။

အင်အားရယူ

မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အရန်မီးသတ်၊ ကြက်ခြေနီ စသည့်အင်အားများကိုရယူ၍ နိုင်ငံတော်အတွက် စိတ်ရင်း စေတနာမှန်ဖြင့် အင်တိုက်အားတိုက်လုပ်ဆောင်ကြရန်၊ တိုင်းပြည်၏ စာရိတ္တမဏ္ဍိုင် ထိခိုက်စေသော တရားမဝင် လောင်းကစားမှုများ ပပျောက်ရေး ဆောင်ရွက်ရန်၊ ယခုကာလအတွင်းမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်လာသည်ကိုတွေ့ရ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်၊ လူကုန်ကူးမှုသည် ရှေးယခင်က ရှိခဲ့သည့် ကျွန်ကုန်ကူးမှုလုပ်ငန်းကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ လူမျိုး၊ စရိုက်လက္ခဏာနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်စေသည့်အပြင် နိုင်ငံတကာနှင့် ဆက်နွှယ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်း ကိစ္စရပ်ဖြစ်သည့်အတွက် အောက်ခြေအဆင့်အထိ သိရှိအောင် ရှင်းလင်းပြီး အလေးအနက်ထား တားဆီးနှိမ်နင်းသွားကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

○ **စာမျက်နှာ ၁၁မှ**

မှတ်ပုံတင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဆွေ၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက မိမိတို့ဦးစီးဌာနအလိုက် ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနအလိုက်ရှိပြီးဖြစ်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ လိုက်နာရမည့် စည်းကမ်းများနှင့် ထားရှိရမည့် စိတ်ဓာတ်များကို အကျယ်တဝင့် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားလျက် ဝန်ထမ်းများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိသိ၊ စေတနာရှိရှိ လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။ (သတင်းစဉ်)

နိုင်ငံပိုင်ခြံမြေများ လေလံပွဲ ...

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

ရန်ကုန် ဇူလိုင် ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန၌ ပုဂ္ဂလိကပိုင်ပြုလုပ်မည့် စက်ရုံရှစ်ရုံရှိပြီး သဃ်န်းကျွန်းအထည်စက်ရုံ အမှတ်(၁၅) အမှတ်(၂၀) ဦးဘဟန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၂၂၄ ဒသမ ၃၆၃ သန်း၊ အရှေ့မရမ်းကုန်း အထည်စက်ရုံ အမှတ်(၄) အမှတ်(၆၂)ဘီ ဦးထွန်းငြိမ်းလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၃၉၆ ဒသမ ၀၂၇သန်း၊ အနောက်မရမ်းကုန်းအထည်စက်ရုံ အမှတ်(၇) အမှတ်(၂/၆) ရန်ကုန်–အင်းစိန်လမ်း အမှတ်(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၇၃၇ ဒသမ ၀၂၁သန်း၊ အနောက်မရမ်းကုန်း အထည်စက်ရုံ အမှတ်(၉) အမှတ်(၁၁၄) ရန်ကုန်–အင်းစိန်လမ်း အမှတ်(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၄၂၆ ဒသမ ၉၆၉ သန်း၊ အနောက်မရမ်းကုန်းအထည်စက်ရုံ အမှတ်(၁၀) ဓမ္မာရုံလမ်း (၁၀) ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၅၂၇ ဒသမ ၅၆၃ သန်း၊ သဃ်န်းကျွန်းမျက်နှာသုတ်ပဝါစက်ရုံ အမှတ်(၂၄) အမှတ်(၂၁) ဦးဘဟန်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၉၈ ဒသမ ၂၇၃သန်း၊ သဃ်န်းကျွန်းမျက်နှာသုတ်ပဝါစက်ရုံ အမှတ်(၂၅) အမှတ်(၂၀) နတ်စင်လမ်း သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၁၈၆ ဒသမ ၄၅၈သန်းနှင့် ရန်ကင်းအပ်ချုပ်စက်ရုံ အမှတ်(၂၈) အမှတ်(၁၁၆၂) ဘူတာရုံလမ်း (၁၁)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ကို ကြမ်းခင်းဈေး ကျပ် ၇၁၂ ဒသမ ၅၂၉သန်းတို့ဖြင့် ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဇူလိုင် ၁၅ရက်မှစ၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့)၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဩဂုတ် ၁၅ရက်တွင်သာ(တစ်ရက်တည်း) နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန် အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့် ဈေးနှုန်းတူညီစွာ ပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသော အထောက်အထားတင်ပြရမည်ဖြစ်ပြီး အမွေဆိုင်ဖြစ်ပါက ကိုယ်စားလှယ်လွှဲစာ မူရင်းအပြည့်အစုံ တင်ပြရမည်ဖြစ်သည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန အမှတ်(၃၁၃)၊ ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့၊ ဖုန်း–၂၄၅၅၀၆၊ ၂၄၅၅၁၆၊ ၂၄၅၅၃၇တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အာဆီယံ အရန်ရိက္ခာ လုံခြုံရေးဆိုင်ရာ ဘုတ်အဖွဲ့အစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၂၆)ကြိမ်မြောက် အာဆီယံ အရန်ရိက္ခာ လုံခြုံရေးဆိုင်ရာ ဘုတ်အဖွဲ့အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

(အပေါ်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံ အရန်ရိက္ခာလုံခြုံရေးဆိုင်ရာ ဘုတ်အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ အရှေ့အာရှ အရေးပေါ် အရန်ရိက္ခာ ဆန်အဖွဲ့မှ ကိုယ်စားလှယ်များ၊ FAO နှင့် JICA အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်

စတင်ကျင်းပ

ထို့နောက် (၂၆)ကြိမ်မြောက် အာဆီယံ အရန်ရိက္ခာ လုံခြုံရေးဆိုင်ရာ ဘုတ်အဖွဲ့ အစည်းအဝေးကို နံနက် ၁၀နာရီတွင် အဆိုပါဟိုတယ်၌ စတင်ကျင်းပပြီး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၁၄ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်မြို့ဗဟန်းမြို့နယ်နတ်မောက်လမ်း အမှတ်(၈၂)ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၌ ဝါဆိုဦးနှင့် ဝါတွင်းတရားစခန်းပွဲများကို ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၇ရက်မှ ၂၃ရက်အထိ ဆရာတော် ဦးပဏ္ဍိတ (ဒွိပိဋကဓရ)၊ ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၄ရက်အထိ ဆရာတော် ဦးဇနိတာလင်္ကာရ၊ ဩဂုတ် ၁၀ရက်မှ ၁၉ရက်အထိ ဆရာတော် ဦးအဂ္ဂဉာဏ၊ ဩဂုတ် ၂၅ရက်မှ စက်တင်ဘာ ၃ရက်အထိ ဆရာတော် ဦးကစ္စာယန၊ စက်တင်ဘာ ၈ရက်မှ ၁၇ရက်အထိ ဆရာတော်ဦးပဏ္ဍိတ (ဒွိပိဋကဓရ)၊ စက်တင်ဘာ ၂၃ရက်မှ အောက်တိုဘာ ၂ရက်အထိ ဆရာတော် ဒေါက်တာစန္ဒာဝရာဘိဝံသ၊ အောက်တိုဘာ ၈ရက်မှ ၁၇ရက်အထိ ဆရာတော် ဦးသောဘဏ (ပိဋကတစ်ပုံအောင်)တို့က ဟောကြားပြသမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ်ဖုန်း–၅၄၁၈၆၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဒို့ကျေးရွာ ဂျာနယ် အတွဲ (၂)၊ အမှတ်(၁၄) ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၃

ကျေးလက်နှင့်မြို့ပြမကျန် မြန်မာနိုင်ငံတစ်ဝန်း ဗဟုသုတရှာမှီးသူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဝတ္ထု၊ ပုံပြင်၊ ဆောင်းပါး၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ သတင်းအတိုအထွာများအပြင် မြန်မာ့လက်မှုအနုပညာနှင့် စာပေရေးရာ ကောက်နုတ်ချက်များ စသည့် သုတ၊ ရသ အဖြာဖြာကို ဖြန့်ဖြူးပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၄)ကို ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ **(ဝဲပုံ)**

ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးငါးစီမံချက်၊ နို့စားနွားမွေးမြူရေး၊ ထန်းအကြောင်း သိကောင်းစရာ၊ ငါးပုစွန်မျိုးသုဉ်းမှုမှကာကွယ်ရေး၊ လူ့ခန္ဓာကိုယ်အတွင်းမှ သက်စောင့်ကလာပ်စည်းများ၊ သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ စာအုပ်စင်နှင့် စာတိုပေစများပါဝင်သည့် ပဲ့တင်သံကဏ္ဍအပြင် ပုံပြင်၊ ဝတ္ထု၊ ဟာသ၊ ကာတွန်း၊ ကဗျာ၊ ကျန်းမာရေးရာ ဗဟုသုတများကို စာရှုသူတို့ ဝေဆာစွာဖတ်ရှုလေ့လာနိုင်ရန် ဖော်ပြပါရှိသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၃၀–၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ဖုန်း–၃၇၁၃၄၂၊ ၂၅၂၄၅၂နှင့်၃၇၉၇၆၈တို့သို့ဆက်သွယ်ပေးပို့နိုင်ပြီးနယ်မှစာမူများကိုပြည်နယ်၊ တိုင်း၊ ခရိုင်မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှတစ်ဆင့် ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

မြစ်ဖြတ်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းမှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် စွမ်းအင်ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် ပြည်-ဆိပ်သာ (၁၀)လက်မ မြစ်ဖြတ်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ပဲခူးတိုင်း ပြည်ခရိုင် ရွှေတောင်မြို့နယ် တရုတ်မော်ရွာ အရှေ့ဘက်ကမ်းသို့ ရေယာဉ်ဖြင့် သွားရောက်ပြီး ပိုက်လိုင်းလမ်းကြောင်းနှင့် တံစုန်းကာဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုသည်။ ထို့နောက် ဝန်ကြီးသည် ဆိပ်သာရွာဘက်ကမ်းသို့ သွားရောက်၍ မြစ်ဖြတ်ဆွဲထားသည့် ပိုက်လိုင်းအခြေအနေ၊ မြစ်အတွင်း ရေငုပ်သမားဖြင့် ရေငုပ်စမ်းသပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေငုပ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးအား လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ(ပိုက်လိုင်း) ဦးသန်းထွဋ်က မြစ်ဖြတ်ဆွဲပြီးသော ပိုက်လိုင်းကို ရေငုပ်စမ်းသပ်ဆောင်ရွက်မှု အခြေအနေနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က ပိုက်လိုင်း ဖုံးအုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ တရုတ်မော်ဖက်ကမ်းတွင် တံစုန်းကာပြုလုပ်ကာကွယ်ခြင်း လုပ်ငန်းနှင့် ကမ်းပါးသောင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိုးတွင်းကာလ ရေများချိန်အတွင်း ပိုက်လိုင်းကျိုးပြတ်ခြင်း အန္တရာယ်မှ ကျော်လွှားနိုင်ရန်အတွက် တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးစား လုပ်ဆောင်သွားကြရန် မှာကြားကာ ရေနက်သည့်နေရာများတွင် ပိုက်လိုင်းကို စမ်းသပ်စစ်ဆေးရမည့် နည်းလမ်းများကို ချမှတ်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ မကွေးတိုင်း အောင်လံမြို့နယ် အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ) စက်ရုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပင်မအလုပ်ရုံအတွင်း အကြီးစားပြင်ဆင်မွမ်းမံနေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့နယ်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)သို့ ရောက်ရှိပြီး စက်ရုံပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း ပင်မအလုပ်ရုံသို့ သွားရောက်၍ ဓာတ်မြေသြဇာစက်ရုံများ စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အကြီးစားပြင်ဆင်မွမ်းမံနေမှု လုပ်ငန်းများကို အနီးကပ်ကြပ်မတ်ကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံစုဝေးခန်းမ၌ ပြုလုပ်သော ဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်က နိုင်ငံခြားငွေအကုန်အကျခံပြီး ယခုကဲ့သို့ အကြီးစားပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စက်ရုံ၏ စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း နည်းပညာပိုင်းအရ စိတ်ချသေချာအောင် ဂရုစိုက် ကိုင်တွယ်အသုံးပြုကြရန်လိုအပ်ကြောင်း၊ ဓာတ်မြေသြဇာ အထွက်တိုးရေးသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသဖြင့် မိမိတို့ စက်ရုံဂုဏ်သိက္ခာ၊ မိမိတို့၏ တာဝန်ကျေပွန်မှုတို့ဖြင့် ဓာတ်မြေသြဇာအစွမ်းကုန် တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင် ထိခိုက်မှုအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

မူလမဟာဆေးဝက်ဘာ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် အာဇာနည်လမ်း မူလမဟာဆေးဝက်ဘာပရိယတ္တိစာသင်တိုက် စာချ၊ စာသင် သံဃာတော် အရှင်သူမြတ်တို့အား ၁၃၆၇ခုနှစ် ဝါဆိုလပြည့် (ဇူလိုင်၂၀ရက်) ဗုဒ္ဓဟူးနေ့တွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ အလှူရှင်များသည် မူလမဟာ ဆေးဝက်ဘာပရိယတ္တိစာသင်တိုက် သာသနာရောင်ထွန်းလင်းအဖွဲ့ ဖုန်း-၀၁-၅၅၄၉၄၃၊ ၀၁-၃၈၁၂၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝါတွင်းတရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံ မဟာသတိပဋ္ဌာန် ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာလင်္ကာရ ဆရာတော်က ဝါတွင်းသုံးလ(ဥပုသ်နေ့တိုင်း) နံနက် ၉နာရီမှစ၍ မဂ္ဂင်ရှစ်ပါး ကာယနုပဿနာ သတိပဋ္ဌာန်အလုပ်ပေးတရားများဟောကြားပြီး မွန်းတည့် ၁၂နာရီမှစ၍အနန္တဂုဏ်ရောင်ဦးဘမြင့်က ပဋိစ္စသမုပ္ပာဒ် ထွက်ရပ်သံသရာ သစ္စာလေးပါး ပိုင်းခြားဝေဖြာ ပါရမီကံအကြောင်း သိကောင်းစရာများ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စက်မှုနည်းပညာစာတမ်း ဖတ်မည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကြီးမှူးကျင်းပမည့် စက်မှုအင်ဂျင်နီယာနည်းပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမ်အိုင်စီတီပတ်ခ်အခန်း(၂၀၅)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုအင်ဂျင်နီယာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ မိစန္ဒာမွန်က Numerical Investigation of Air side Heat Transfer and Pressure Drop in Circular Finned Tube Heat Exchanger ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက် နားထောင်နိုင်ကြကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ (သတင်းစဉ်)

မေတ္တာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဇူလိုင် ၁၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ တနင်္သာရီတိုင်း မေတ္တာ၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ် ဇူလိုင် ၇ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀၀ ဝပ်၊ လိုင်းနံပါတ် ၈ဖြင့် ၂၀၀၅ ခုနှစ် ဇူလိုင် ၈ရက်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

အသိဉာဏ်ဖြင့် တီထွင်ထားသည့်ပစ္စည်း အခွင့်အရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ကမ္ဘာ့အသိဉာဏ်ဆိုင်ရာ ပစ္စည်းမူပိုင်ခွင့် အဖွဲ့အစည်း (WIPO) က ပြုလုပ်သည့် အသိဉာဏ်ဖြင့် တီထွင်ထားသည့် ပစ္စည်းအခွင့်အရေးဆိုင်ရာ သင်တန်းကို အင်တာနက်မှ သင်ယူပြီးမြောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ကမ္ဘာ့အသိဉာဏ်ဆိုင်ရာပစ္စည်း မူပိုင်ခွင့် အဖွဲ့အစည်း (WIPO) မှ ပေးအပ်သည့် သင်တန်းအောင် လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် မွန်းလွဲ ၁နာရီတွင် ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ ကုန်သည်/စက်မှု အသင်းချုပ် သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး အသင်းချုပ် အထွေထွေအတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က သင်တန်းသား၊ သင်တန်းသူ ၂၀ဦးတို့အား သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။ (သတင်းစဉ်)

အပြင်းစားရိုက်ချက်နှင့် ချစ်ခြင်းငယ်ပြိုင် မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁၃

ယခုသောကြာပတ်တွင် ဇာတ်ကားသစ် မဝင်ဘဲ ယခင်သောကြာပတ်က ရုံတင်ပြသခဲ့သည့် **အပြင်းစားရိုက်ချက်** ဇာတ်ကားနှင့် **ချစ်ခြင်းငယ်ပြိုင်** ဇာတ်ကားများ ဆက်လက်ပြသနေသည်။ **အပြင်းစားရိုက်ချက်** ဇာတ်ကားကို ဒါရိုက်တာမိုက်တီးက တာဝန်ယူ ရိုက်ကူးခြင်းဖြစ်ပြီး လွင်မိုး၊ ခင်လှိုင်၊ တင့်တင့်ထွန်း၊ ထွန်းထွန်းနိုင်၊ ရော၊ မိုးဒီနှင့် ကင်းကောင်တို့ ပါဝင်ထားကြသည်။

"အပြင်းစား ရိုက် ချက်" ဇာတ် ကား မှ ဟာသ သရုပ် ဆောင် ရော။

ပြသ

ရုပ်ရှင်ဒါရိုက်တာဖြစ်လိုသူ တစ်ဦး၏ ဘဝအထွေထွေနှင့် အခက်အခဲအမျိုးမျိုးကြားမှ နောက်ဆုံး တကယ့်ဒါရိုက်တာတစ်ဦးအဖြစ် ပီပြင်စွာဖြင့် ရုပ်ရှင်ကားတစ်ကားကို ရိုက်ကူးနိုင်ရန် အခွင့်အလမ်းရရှိသွားပုံကို ဟာသရောစွက်၍ပရိသတ်အကြိုက်တင်ဆက်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ဒါရိုက်တာမိုက်တီးက ဟာသသရုပ်ဆောင်များကို ဇာတ်ကားနှင့် အံဝင်ခွင်ကျဖြစ်အောင် လက်စွမ်းပြရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ပြသလျက်ရှိသည်။

ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ဘဝသရုပ်ဖော်ဇာတ်ကား ဆက်လက်ပြသနေသည်။ ထိုဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နေပြည်တော်ရုံတွင် နိုင်ငံခြားဇာတ်ကားသစ် The Next Level Part 2 ဇာတ်ကားပြသနေသည်။ ၎င်းဇာတ်ကားကို ဒါရိုက်တာ Lee Tamahor က ရိုက်ကူးပြီး လူမည်းသရုပ်ဆောင် Ice Cube ခေါင်းဆောင် ပါဝင်ထားသည့် အက်ရှင်ဇာတ်ကြမ်းကားဖြစ်သည်။ (ကြေးမုံ)

ရုပ်ရှင်

"ချစ်ခြင်းငယ်ပြိုင်"ဘဝသရုပ်ဖော် ဇာတ်ကားမှ ရွှေသွေးနှင့် စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်ဟန်။

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဇူလိုင် ၁၃

၂၀၀၅ ခုနှစ် ဇူလိုင် ၁၃ရက် မြန်မာစံတော်ချိန် ၇ နာရီ ၀ မိနစ် ၀၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက်မိုင် ၄၃၀ခန့် ကွာဝေးသော ကပ္ပလီကျွန်းစု (အိန္ဒိယဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြင်သစ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၁၄

၂၀၀၅ခုနှစ် ဇူလိုင် ၁၄ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒိုမီနစ်ဂါလူဇူဒယ်ဗီလာပန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးမှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံလွင်တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံ၌ အကြီးဆုံးဖြစ် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးကျေးဇူး များစွာဖြစ်ထွန်း တံတားကြီး ရေရှည်ကြံ့ခိုင်ရေးအတွက် အမြဲမပြတ် စစ်ဆေး ရေယာဉ်များကို စည်းကမ်းများ တိတိကျကျလိုက်နာရန် ထိန်းသိမ်း

ရန်ကုန် ဇူလိုင် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၂ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘားအံမြို့မှ ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ *ယနေ့ရရှိနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားသုံးရပ်၏ စည်းလုံးညီညွတ်မှုအားဖြင့် ပြည်တွင်း၊ ပြည်ပအနှောင့်အယှက် အဟန့်အတားများကို ရင်ဆိုင်ကျော်လွှားပြီး ရရှိလာသော အောင်မြင်မှုများဖြစ်ကြောင်း တွေ့ရသည်။*

ခေါင်းကြီး (စာမျက်နှာ-၂)

☆ *ယခုနှစ် တေရသမအကြိမ်(၁၃ကြိမ်)၌ ယှဉ်ပြိုင်ကြမည့်ဇာတ်တော်မှာ ဇာတ်တော်ကြီးဆယ်ဘွဲ့မှပင်ဖြစ်ပြီး နဝမမြောက်ဇာတ်တော်ဖြစ်သည့် ဝိဓူရဇာတ်တော်ပင် ဖြစ်လေသည်။*

ကိုဇော်ဌေး(ယဉ်ကျေးမှု)၏ **"ဝိဓူရဇာတ်တော်ကြီး"**

ဆောင်းပါး (စာမျက်နှာ-၆)

မြင်းခြံမြို့ မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၁၃

၂၀၀၅ခုနှစ် ဇူလိုင် ၁၃ရက်နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် မြင်းခြံမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၈၅မီလီမီတာ (၃ဒသမ ၃၅ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၄နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းတာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၄၆မီလီမီတာ (၁ဒသမ ၈လက်မ) ဖြစ်ပြီး ၂၀၀၃ခုနှစ် ဇူလိုင် ၂၄ရက်နှင့် ၂၀၀၄ခုနှစ် ဇူလိုင် ၆ရက်တို့တွင် ရှာသွန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)